မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၃၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်နိုင်သည့် ရေမြေသယံဇာတရှိထားပြီးဖြစ် မိမိတို့၏ တီထွင်ကြံဆကြိုးစားမှုဖြင့် ပေါင်းစပ်လုပ်ကိုင်ပါက စီးပွားဖြစ်ထွန်းမှုများရရှိနိုင်

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများ အောင်မြင်ရေး နိုင်ငံသားတိုင်း ပါဝင်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၇

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယ ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် စက်တင်ဘာ ၆ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် တောင်ကြီးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး နည်းပညာတက္ကသိုလ် (တောင်ကြီး)သို့ ရောက်ရှိကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆရာ ဆရာမ များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ကျောင်းဆောင်သစ် တိုးချဲ့တည်ဆောက်နိုင်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ပထမထပ်ရှိ Project Show Room (1)နှင့် (2)အတွင်း ခင်းကျင်းပြသ ထားသော ဇီဝနည်းပညာဌာန၊ စက်မှုအင်ဂျင်နီယာဌာန၊ မြို့ပြအင်ဂျင်နီယာဌာန၊ သုတနည်းပညာဌာန၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးအင်ဂျင်နီယာဌာနနှင့် သတ္တုတူးဖော်ရေး အင်ဂျင်နီယာဌာနတို့မှ ကျောင်းသား ကျောင်းသူများ၏ Project Activities များကို ကြည့်ရှုစစ်ဆေးရာ ခေတ္တ ကျောင်းအုပ်ကြီးနှင့် ဌာနတာဝန်ခံ ဆရာ ဆရာမများက ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယသမ္မတသည် Drawing Room, e-Library, Language Lab, Computer Room တို့၌ ကျောင်းသား ကျောင်းသူများ ဘာသာရပ်အလိုက် ပညာ သင်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❍

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး နည်းပညာ တက္ကသိုလ်(တောင်ကြီး)၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အောက်နတ်ချောင်းတံတားပေါ်က သွားကြမယ်

> သတင်းဆောင်းပါး – မောင်မောင်ထွေး(သတင်းစဉ်)
> ဓာတ်ပုံ – သာညဏ်(သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၇

အာရုံကို ညှတ်တတ်၊ ကိုင်းတတ်သော စိတ်အလျဉ်သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆီသို့ ပြေးလွှားကျက်စားလျက်ရှိ၏။ ဧရာဝတီတိုင်း ဒေသကြီး ဘိုကလေးမြို့နယ် မရားရွာနေ အသက် (၇၂)နှစ်အရွယ်ရှိ အမေ ဒေါ်သန်းညွန့်၏ စိတ်အလျဉ်သည်လည်း မကြာမီက ဖွင့်လှစ် ခဲ့သော အောက်နတ်ချောင်းတံတားကို ငေးမောကြည့်ရင်း ကွယ်လွန် သွားရှာသူ အချို့အား သတိတရ တမ်းတနေမိသည်။

သတိရ

သို့ဖြင့် အနီးအပါးရှိ သမီးများအား " ငါတော့အေ၊ ဒီတံတားကြီး ကိုကြည့်ရင်း ရွာကဆုံးသွားရှာကြတဲ့ ဆွေမျိုးအပေါင်းအသင်းတွေကို သတိရလိုက်တာဟယ်။ တံတားဖွင့်တဲ့နေ့ကဆို စိတ်ထဲမှာ ဝမ်းနည်း ဝမ်းသာနဲ့ တစ်မျိုးကြီးပဲ ခံစားရတယ်။ သူတို့တစ်တွေ ဒီလမ်းတွေ၊ ဒီတံတားတွေကို မမြင်သွားရှာဘူး၊ ကံကုန်းတို့၊ မြသိန်းတန်တို့၊ ဆင်ကွင်း ရွာတွေကိုသွားရင် ရွှံ့တွေ၊ ဗွက်တွေနဲ့ လမ်းလျှောက်ကြရ၊ မိုးထဲ လေထဲမှာ လှေနဲ့သွားလိုက်ကြရတာ၊ အခုလို ရွာဘေးက တံတားပေါ်၊ လမ်းပေါ်ကနေ ဆိုင်ကယ်၊ စက်ဘီးတွေ တဝီဝီသွားနေကြတာကို မြင်ကြရင် ဘယ်လိုပြောကြဦးမလဲ မသိဘူး။"

အေးအေးဆေးဆေး

ဘိုကလေးမြို့နယ် ကံကုန်းကျေးရွာနေ အသက် (၆၁)နှစ်အရွယ် ရှိ ဦးစောမောင်သည် မြေးနှစ်ဦးနှင့်အတူ အောက်နတ်ချောင်းတံတား ပေါ်မှ ခပ်သွက်သွက်လျှောက်နေရင်း မြေးဖြစ်သူများအား "ဘိုကလေး မြို့ကို အခုမှပဲ သာယာမှုတွေနဲ့ အေးအေးဆေးဆေး လျှောက်ရတော့ တယ်။ နင်တို့ခေတ်နဲ့ တို့ခေတ် အပြတ်အသတ် ကွာသွားပြီ။ ရွာက လူငယ်တွေကို ပြောရသလို နင်တို့လည်း လိမ်လိမ်မာမာနေကြ၊ စာကြိုး စားကြ။ အရင်ကဆို တို့တစ်တွေ ဘိုကလေးမြို့ကို ဈေးသွားဝယ်ရင် ဒီရေ အတက်အကျရှိမှ လှေနဲ့သွားရတာ၊ များသောအားဖြင့် ရွှံ့တွေ၊ ဗွက်တွေကြားကပဲ လမ်းလျှောက်သွားရတာ။ အခုလို တံတားပေါ်က လမ်းပေါ်ကနေ သာယာမှုတွေနဲ့

စာမျက်နှာ ၉ ကော်လံ ၁ ●

မှတ်သားဖွယ် မိုးရေချိန်

၇-၉-၂၀၁၁

မြောက်ဦးမြို့	၁၀ ဒသမ ၅၅ လက်မ
ကျောက်တော်မြို့	၆ ဒသမ ၄၆ လက်မ
ကျောက်ဖြူမြို့	၆ ဒသမ ၂၆ လက်မ
ပလက်ဝမြို့	၃ ဒသမ ၅၀ လက်မ
သံတွဲမြို့	၂ ဒသမ ၉၆ လက်မ
ပဲခူးမြို့	၂ ဒသမ ၈၄ လက်မ

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် စက်တင်ဘာ ၈ ရက်)

စာတတ်မြောက်ရေးနှင့် ပညာရည်မြင့်မားရေး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အခြေခံကျ

စက်တင်ဘာ ၈ ရက် (ယနေ့) သည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် အဆိုပါနိုင်ငံရှိ ပြည်သူများ၏ စာတတ်မြောက်မှု၊ အသိပညာဖွံ့ဖြိုးတိုးတက်မှု အပေါ် မူတည်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် စာတတ်မြောက်မှုမြင့်မားရေးအတွက် နိုင်ငံတော်အစိုးရက အစီအမံများ ချမှတ်၍ လှုပ်ရှားဆောင်ရွက်ခဲ့ရာ ၁၉၆၃ ခုနှစ်တွင် စာတတ်မြောက်မှုနှုန်း ၅၇ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပြီး အရှိန်အဟုန်မြင့်မားရေးအတွက် ၁၉၆၄ ခုနှစ်တွင် မိတ္ထီလာခရိုင်မှစ၍ အသုံးလုံးကျေ စာတတ်မြောက်ရေး လှုပ်ရှားမှုကို စတင်ဆောင်ရွက်ခဲ့သည်။ နှစ်စဉ် စာတတ်မြောက်ရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလုပ်ငန်း စွမ်းဆောင်နိုင်မှုကြောင့် ယူနက်စကိုအဖွဲ့ချုပ်က ဂုဏ်ပြုချီးမြှင့်သည့် မိုဟာမက်ရီဇာပါလာဗီဆုကို ၁၉၇၁ ခုနှစ်တွင်လည်းကောင်း၊ နိုမာဆုကို ၁၉၈၃ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့သည်။

ယခုအခါ ပညာရေးကဏ္ဍတိုးတက်ဖြစ်ထွန်းမှုကိုကြည့်လျှင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲရေးကို ရည်မှန်းချက်တစ်ရပ်အနေဖြင့်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်။ အသက်ငါးနှစ်ပြည့်ပြီး ကလေးများ၏ ကျောင်းဝင်နှုန်းသည် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ၉၈ ဒသမ ၃၇ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။

သက်ကြီးစာမတတ်သူများအတွက် အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးအစီအစဉ်တို့ကို တစ်နိုင်ငံလုံးဖြန့်ကြက်ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်က စာတတ်မြောက်မှုအတွက် ဘက်စုံထောင့်စုံ၊ ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်များ ကိုလည်း ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြင့် စာအုပ်စာပေများကို အလွယ်တကူဖတ်ရှုနိုင်ပြီဖြစ်သည်။ ရပ်ရွာ ပညာပဒေသာဌာနများ ဖွင့်လှစ်ထားရှိခြင်းဖြင့် စဉ်ဆက်မပြတ်ပညာရေးအစီအစဉ်များကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် စာတတ်မြောက်ရေးနှင့် ပညာရည်မြင့်မားရေးသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံး လိုအပ်ချက် ဖြစ်ရာ ပြည်သူများ အသိပညာဗဟုသုတပြည့်ဝရေးအတွက် အခြေခံ အရေး၊ အဖတ်၊ အတွက် ပညာများ တတ်မြောက်ထားပြီး အသိပညာရှင်၊ အတတ်ပညာရှင်များ ပိုမိုဖြစ်ထွန်းရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရေးမြို့နယ်၌ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

ရေး စက်တင်ဘာ ၇

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ရေးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေပြင်များအတွင်း ငါးသယံဇာတများ တိုးပွားစေရန်နှင့် ရေရှည်စဉ်ဆက်မပြတ် ဖမ်းဆီးထုတ်လုပ်နိုင်ရန်အတွက် နှစ်စဉ်သဘာဝရေပြင်များအတွင်းသို့ ငါးမျိုးစိုက်ထည့် ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၂၀၁၁ ခုနှစ် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၂၈ ရက် မွန်းတည့် ၁၂နာရီက ရေးမြို့နယ် မြကန်သာကျုံး၌ ကျင်းပသည်။ အခမ်းအနားတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင် များနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများက မြကန်သာကျုံး သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်း၊ ငါးခုံးမကြီးနှင့် ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ်ငါးလုပ်ငန်းဦးစီး)**

သီပွံနည်းကျစပါးစိုက်နည်းစနစ် ကော့မှူး၌ တောင်သူများလေ့လာ

ကော့မှူး စက်တင်ဘာ ၇

တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိရေးနှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် သီပွံနည်းကျစိုက်နည်းစနစ်များနှင့်အညီ ကော့မှူးမြို့နယ်၌ မိုးစပါးများကို စိုက်ပျိုးလျက်ရှိရာ ပေါင်စနစ်ဖြင့်စိုက်ပျိုးထားသည့် ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာအုပ်စု တောင်သူဦးသောင်းရွှေ၏ ကွင်းအမှတ်(၂၉၁)၊ ဦးပိုင်အမှတ် (၂၂/၂)ကို ဩဂုတ် ၁၅ရက် နံနက် ၈ နာရီက ကော့မှူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ ကွင်းဆင်းလေ့လာကြသည်။ ထိုသို့ လေ့လာရာတွင် မြို့နယ် စိုက်ပျိုးရေးမန်နေဂျာနှင့် ဝန်ထမ်းများက ရှင်းလင်းပြသခဲ့ကြ ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မန္တလေးမြို့ရှိ ရေထိန်းတံခါးနှင့် ရေဆိုးထုတ်စက်ရုံများ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၇

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီက မန္တလေးမြို့ မြို့ပတ်ကမ်းနားလမ်းမှ ရွှေခဲရေထိန်းတံခါးသို့ ရောက်ရှိပြီး မြို့တွင်းရှိ ရေပိုရေလျှံများ လျော့နည်းကျဆင်းစေရေးအတွက် ရွှေခဲရေထိန်းတံခါးမှ တစ်ရက်လျှင် ရေဂါလန် ၅၇ သန်းခန့် ရေဝတီမြစ်အတွင်းသို့ စွန့်ထုတ်နိုင်မှု၊ အမှတ်(၂)ရွှေခဲရေဆိုးထုတ်စက်ရုံမှ တစ်ရက်လျှင် ရေဂါလန် ၂၄ သန်းခန့် စွန့်ထုတ်နိုင်မှုနှင့် ယာယီရေပိုက်လိုင်းများသွယ်တန်းကာ စက်ယန္တရားကြီးများဖြင့် တစ်ရက်လျှင် ရေဂါလန်ငါးသန်းခန့် စွန့်ထုတ်နိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကန်တော်ကြီးအတွင်းရှိ ရေပိုများကို စက်ယန္တရားကြီးများဖြင့် ရေဆိုးစုကန်အတွင်းသို့ တစ်ရက်လျှင် ရေဂါလန် ကိုးသန်းခန့် စွန့်ထုတ်နေမှုနှင့် အမှတ်(၁)ကပ်ကျော် ရေဆိုးထုတ်စက်ရုံမှ စက်ယန္တရားကြီးများဖြင့် ရေဆိုးစုကန်အတွင်း တစ်ရက်လျှင် ရေဂါလန် ၁၈ သန်းခန့် စွန့်ထုတ်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရေထွက်နှုန်း ပိုမိုကောင်းမွန်စေရေးအတွက် လိုအပ်သော နေရာများတွင် ရေထိန်းတံခါးများ တိုးချဲ့တပ်ဆင်သွားရန်၊ မြို့တွင်းဖြတ်သန်းစီးဆင်းလျက်ရှိသည့် ရေနုတ်မြောင်းများ ရေစီးရေလာ ပိုမိုကောင်းမွန်စေရေးအတွက် စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် အောင်မြေသာစံမြို့နယ် ရွှေတချောင်းမြောင်း ရေစီးဆင်းမှု၊ အိုးဘို-ရွှေကျင်ရပ်ကွက်အတွင်း စီးဆင်းသော ရွှေတချောင်းမြောင်းနှင့် ရွှေကျင်ချောင်း ရေစီးဆင်းမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့တွင်းမြောင်းများ ဖော်ယူပြုပြင် ခြင်း၊ ရေဆိုးထုတ်စက်ရုံနှင့် ရေထိန်းတံခါးများမှ ရေပိုရေလျှံများထုတ်ခြင်းတို့ကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

ကမာရွတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ထောက်ပံ့ကြေး ပေးအပ်

ရန်ကုန် စက်တင်ဘာ ၇

ကမာရွတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ်အတွက် အဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် အဖွဲ့ဝင်များအား ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက် နံနက်က ကမာရွတ်မြို့နယ် ဆင်မလိုက်ရှိ မြန်မာ့သင်္ဘောကျင်း သက်သာဆိုင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးမြင့်သန်း (ငြိမ်း)က အမှာစကားပြောကြားပြီး အဖွဲ့ဝင်များ၏သားသမီး ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးနှင့် အဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ ကြောင်း သိရှိရသည်။ **(မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)**

ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းလမ်း အမှတ် ၂၃၈/၂၄၀ နေ ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်သော ဦးသိန်းမောင်-ဒေါ်ပါပါးတို့အား ဦးထိပ်ထား၍ စန္ဒီပရဆေး မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ ငွေကျပ် ၁၀ သိန်း ငါးသောင်း လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ် အောင်ယုလ် (ငြိမ်း)၊ အတွင်းရေးမှူး ဦးထွန်းအေးနှင့် အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

သာယာဝတီခရိုင်၌ ဥပဒေအရာရှိများ တွေ့ဆုံ

သာယာဝတီ စက်တင်ဘာ ၇

သာယာဝတီခရိုင်အတွင်းရှိ ဥပဒေအရာရှိများနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ ၂ ရက်က သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညှော့ရိပ်သာ၌ကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီး ဥပဒေအရာရှိဦးခင်မောင်နှင့် သာယာဝတီခရိုင် ဥပဒေအရာရှိ ဦးမောင်ရွှေတို့က ခရိုင်အတွင်း ဥပဒေရေးရာလုပ်ငန်းများနှင့်ပတ်သက် ၍ ရှင်းလင်းပြီး သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်းနှင့် နတ်တလင်းမြို့နယ်များမှ မြို့နယ်ဥပဒေအရာရှိများက မြို့နယ်အလိုက်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်းသိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

လျှပ်စစ်အန္တရာယ်သတိပေးဆိုင်းဘုတ် လှည်းကူး၌ စိုက်ထူ

လှည်းကူး စက်တင်ဘာ ၇

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ လျှပ်စစ်အန္တရာယ် သတိပေးဆိုင်းဘုတ်စိုက်ထူခြင်းနှင့် လျှပ်စစ်အန္တရာယ် သတိပေးလက်ကမ်းစာစောင်များ ဝေငှခြင်းကို စက်တင်ဘာ ၁ ရက်က လှည်းကူးမြို့နယ်အတွင်း၌ ဆောင်ရွက်ခဲ့ သည်။

အဆိုပါ ဆိုင်းဘုတ်များကို ရန်ကုန်-ပဲခူးလမ်း ဖောင်ကြီးတာဆုံ၊ လှည်းကူး အထကရှေ့၊ စည်ပင်ပန်းခြံရှေ့၊ ဒါးပိန်မြို့တွင်းလမ်းဆုံ၊ ဈေးရှေ့၊ ဒါးပိန်မြောက်လမ်းဆုံ၊ ဖောင်ကြီးတာဆုံ၊ မင်းကုန်းဈေးရှေ့၊ မျှားဂိတ်၊ ရဲမွန်တပ်မြို့အဝင်၊ ဇရပ်ကွင်းလမ်းဆုံ၊ စီအိုဒီဈေးရှေ့နေရာများတွင် စိုက်ထူပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဂန့်ဂေါခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပ

ဂန့်ဂေါ စက်တင်ဘာ ၇

၂၀၁၁ ခုနှစ် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ရက် နံနက်က ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ခရိုင်အုပ်ချုပ်ရေးမှူးဦးမြင့်လှိုင်က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲသို့ ဂန့်ဂေါခရိုင်အတွင်းရှိ မြို့နယ်များမှ အခြေခံပညာအဆင့်၊ ဝါသနာရှင်အဆင့်များ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုပေးပွဲအခမ်းအနားကို ညပိုင်းတွင် ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စိန်တို့နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(၁၀၁)**

မီဒီယာသမားများသည် လွတ်လပ်ခွင့်နှင့်အညီ လွတ်လွတ်လပ်လပ် ရေးသားနိုင်ခွင့် ရှိသကဲ့သို့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးကို မထိပါးအောင် တာဝန်ယူကြရမည်

▲ ကျောဖုံးမှ

အကောက်ခွန်ဦးစီးဌာနတွင် အဓိကကျင့်သုံးလျက်ရှိသည့် ဥပဒေများမှာ ၁၉၇၈ ခုနှစ် ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေ၊ ၁၉၄၂ ခုနှစ် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေနှင့် ၁၉၉၂ ခုနှစ် အကောက်ခွန်နှုန်းအက်ဥပဒေတို့ ဖြစ်ပါကြောင်း၊ ၁၉၇၈ ခုနှစ် ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ၊ ၁၉၄၂ ခုနှစ် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ(၂)ရပ်ကို ယနေ့ခေတ်ကာလနှင့် လျော်ညီစွာ ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် ဥပဒေပြင်ဆင်ရေးဆွဲရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါကြောင်း။

အကောက်ခွန်ဦးစီးဌာနသည် ၁၉၉၁ ခုနှစ်တွင် ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ (၁၀၉)နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည့်အတွက် ကမ္ဘာ့အကောက်ခွန်အဖွဲ့က ချမှတ်ထားသည့် စံသတ်မှတ်ချက်များနှင့်အညီ ပြဋ္ဌာန်းကျင့်သုံးနိုင်ရန်နှင့် ကမ္ဘာ့အကောက်ခွန်အဖွဲ့က ပြဋ္ဌာန်းသတ်မှတ်ထားသော ကျိုတိုသဘောတူ စာချုပ်တွင် ပါဝင်သည့် အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေတွင် အကောက်ခွန်တန်ဖိုးသတ်မှတ်ရာ၌ နောက်ဆုံးသတ်မှတ်ခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အကောက်ခွန်တန်ဖိုးသတ်မှတ်ရေး သဘောတူညီချက်၏ တန်ဖိုးသတ်မှတ်ရေးနည်းလမ်းများနှင့်အညီဆောင်ရွက်နိုင်ရေး ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရန် လိုအပ်လာမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် သတင်းဆက်သွယ်ရေးနည်းပညာအသုံးပြုသော အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းဥပဒေများနှင့် ကိုက်ညီရန်လိုအပ်ပြီး အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များနှင့် အာဆီယံနိုင်ငံများအတွင်း ဆောင်ရွက်လျက်ရှိသော သဘောတူစာချုပ်များနှင့်လည်း လိုက်နာဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပြီး ပင်လယ်ကြောင်း အကောက်ခွန်ဥပဒေကို ပြင်ဆင်ရန်လိုအပ်သည့်အတွက် ပညာရှင်များနှင့်တိုင်ပင်ပြီး ညှိနှိုင်းရေးဆွဲလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ ပင်လယ်ကြောင်းအကောက်ခွန်ဥပဒေ၊ ကုန်းလမ်းအကောက်ခွန်ဥပဒေများမှ ခေတ်ကာလနှင့်မကိုက်ညီသည့် ဥပဒေနှင့်နည်းဥပဒေများအား ပြန်လည်ပြင်ဆင်ရန်အတွက် ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင်၏ **ပင်လယ်ပြင်တွင်လုပ်ကိုင်နေသော ရေလုပ်သားများအနေဖြင့် ဘေးအန္တရာယ်များကြောင့် အသက်များထိခိုက်ဆုံးရှုံးရလေ့ရှိသဖြင့် မြန်မာ့အာမခံလုပ်ငန်းတွင် ဘဝနောင်ရေး အထောက်အကူဖြစ်စေမည့် အသက်အာမခံထားရှိခွင့်ရှိပါက ထားလိုကြောင်းနှင့် အသက်အာမခံအကျိုးခံစားခွင့်နေရာ၌ အလောင်းမရသော အကျိုးခံစားမှုကို (၂)နှစ်စောင့်ဆိုင်းပြီးမှသာ အကျိုးခံစားခွင့်ပြုမည့်ကိစ္စအား သင့်လျော်သည့်ကာလတစ်ခုကို ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၁ ခုနှစ် မတ်လတွင်ကြုံတွေ့ခဲ့ရသည့် လေပြင်းမုန်တိုင်းတိုက်ခတ်မှုတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ကျားဖောင်ရေလုပ်သားအများအပြား လုပ်ငန်းလုပ်ကိုင်စဉ် ပင်လယ်ပြင်တွင် အသက်ဆုံးရှုံးမှုဖြစ်စဉ်များအရ ကျားဖောင်ရေလုပ်သားများအတွက် ယင်းလုပ်ငန်းကို ဦးစီးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များက ၎င်းတို့၏ ရေလုပ်သားများကိုယ်စား ကျားဖောင်လုပ်ငန်းရှင်များ တာဝန်ရှိမှုအာမခံအဖြစ် မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံထားရှိနိုင်ပါက ဘေးအန္တရာယ်တစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့လျှင် သေဆုံး (သို့မဟုတ်) ပျောက်ဆုံးသွားသူ ကျားဖောင်ရေလုပ်သားများအတွက် ကျန်ရစ်သူမိသားစုမှ အာမခံလျော်ကြေး ရရှိနိုင်ပြီး အခြေမပျက် ဘဝရပ်တည်နိုင်ရေးအတွက် မြန်မာ့အာမခံလုပ်ငန်းနှင့်ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းကာစည်းရုံးဆောင်ရွက်နိုင်ရေးကို ငါးလုပ်ငန်းဦးစီးဌာနက မြန်မာ့အာမခံလုပ်ငန်းသို့အကြောင်းကြားခဲ့ပါကြောင်း။

ငါးလုပ်ငန်းဦးစီးဌာန၏ ညှိနှိုင်းလာချက်အရ ကျားဖောင်လုပ်ငန်းရှင်တာဝန်ရှိမှု အာမခံထားရှိနိုင်ရေး မြန်မာ့အာမခံလုပ်ငန်းက ကျားဖောင်ရေလုပ်သားများအတွက် ဆောင်ရွက်ပေးနိုင်မည့်အာမခံအကာအကွယ်များကို ပြန်ကြားပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကျားဖောင်လုပ်ငန်းရှင်တာဝန်ရှိမှု အမျိုးအစားတွင် ယခင် မြန်မာ့အာမခံလုပ်ငန်းက လက်ခံဆောင်ရွက်လျက်ရှိသည့် ရေယာဉ်လုပ်ငန်းရှင်တာဝန်ရှိမှု၊ အာမခံအမျိုးအစားနှင့် တစ်ထပ်တည်း အကာအကွယ်ပေးထားသော်လည်း ရေယာဉ်လုပ်ငန်းရှင်တာဝန်ရှိမှု အာမခံတွင် စက်ရေယာဉ်များအပေါ်၌သာအကျုံးဝင်ပြီး မြန်မာ့အာမခံလုပ်ငန်းက ခွင့်ပြုလက်ခံမည့် အာမခံ အမျိုးအစားတွင် ကမ်းနီးကမ်းဝေးပင်လယ်ပြင်အတွင်း စက်မဲ့ရေယာဉ်ကျားဖောင်လုပ်ငန်း၌ တာဝန်ထမ်းဆောင်သည့် ရေလုပ်သားများ ဘဝရှေ့ရေးအတွက် ကျားဖောင်လုပ်ငန်းရှင်တာဝန်ရှိမှုအာမခံအကာအကွယ်အား မြန်မာ့အာမခံလုပ်ငန်းနှင့်ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၏ **တည်ဆဲဥပဒေအရ သာမန်ပြည်သူများအနေဖြင့် နိုင်ငံခြားငွေ ကိုင်ဆောင်မှုမရှိကြောင်းနှင့် နိုင်ငံခြားသို့ နိုင်ငံတော်တာဝန်ဖြင့် သွားရောက်သူများကိုသာ တရားဝင်ငွေ လဲလှယ်နှုန်းဖြင့်လဲလှယ်ပေးပြီး သာမန်ပြည်သူများကို လဲလှယ်ပေးခြင်းမရှိသောကြောင့် နိုင်ငံခြားသို့သွားသော သာမန်ပြည်သူများသည် ဥပဒေကို ချိုးဖောက်ရာရောက်နေသဖြင့် ဥပဒေကိုပြင်ဆင်ပေးရန်အစီအစဉ် ရှိ/ မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ၁၉၄၇ ခုနှစ် နိုင်ငံခြားသုံးငွေ စည်းမျဉ်း အက်ဥပဒေပုဒ်မ ၅အရ မြန်မာနိုင်ငံအတွင်းနေထိုင်သူ မည်သူမဆို လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံခြားသုံးငွေအုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားငွေ လက်ခံကိုင်ဆောင်ခွင့်ရှိပါကြောင်း၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာန၌ 'နိုင်ငံခြားငွေ လက်ခံကိုင်ဆောင်ခွင့်လိုင်စင် Foreign Exchange Acceptor & Holder License' လျှောက်ထားရယူကိုင်ဆောင်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွင်း နိုင်ငံခြားငွေ တရားဝင် လက်ခံရရှိသည့် အဖွဲ့အစည်းများသည် နိုင်ငံခြားသုံးငွေ အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်များရယူပြီး နိုင်ငံခြားငွေ လက်ခံကိုင်ဆောင်ခွင့်လိုင်စင်များ လျှောက်ထားရယူပြီး လက်ခံကိုင်ဆောင်လျက်ရှိပါကြောင်း၊ သာမန်ခရီးသွား၊ အလုပ်လုပ်သူတစ်ဦးအတွက် FEC (၁၀၀)ကို အမေရိကန်ဒေါ်လာအဖြစ် လဲလှယ်ယူဆောင်ခွင့်ပြုထားပါကြောင်း၊ ထို့ပြင် အလုပ်လုပ်သူ လူသစ်များအတွက် FEC (၂၀၀)ကို အမေရိကန်ဒေါ်လာဖြင့် လဲလှယ်ယူဆောင်ခွင့်ပြုထားပါကြောင်း၊ နိုင်ငံခြားငွေဘဏ်စာရင်းဖွင့်လှစ်ပြီး ဘဏ်စာရင်းလက်ကျန်ငွေ လုံလောက်စွာရှိသူများအား မိမိတို့၏ ဘဏ်စာရင်းမှ အမေရိကန်ဒေါ်လာ(၅၀၀)ကို ထုတ်ယူပြီး ယူဆောင်ခွင့်ပြုထားပါကြောင်း။



ရှင်းလင်းဆွေးနွေး

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြန်လည်ဖြေကြား

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ပြည်ပသို့နိုင်ငံခြားငွေများ ယူဆောင်သွားရန် ခွင့်ပြုထားသည့်ပမာဏထက် ကျော်လွန်သည့် ငွေပမာဏကို ယူဆောင်သွားရန်လိုအပ်ပါက ကိစ္စရပ်အလိုက် ကျိုးကြောင်းပြည့်စုံစွာဖော်ပြပြီး နိုင်ငံခြားသုံးငွေ အုပ်ချုပ်ရေးမှူးနှင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုအဖွဲ့အာဏာပိုင်များထံ တင်ပြခွင့်ပြုချက်ရယူပြီး ယူဆောင်သွားနိုင်ပါကြောင်း၊ ယခုအခါ နိုင်ငံရပ်ခြားသို့သွားရောက်သော ပြည်သူများအနေဖြင့် သွားရောက်သည့်ကိစ္စအလိုက် သုံးစွဲရန်အတွက် ထိုက်သင့်သောနိုင်ငံခြားငွေပမာဏကို လဲလှယ်ယူဆောင်သွားနိုင်ခွင့်၊ ၎င်းတို့၏ နိုင်ငံခြားငွေဘဏ်စာရင်းမှထုတ်ယူပြီး ယူဆောင်သွားနိုင်ခွင့်အား ပြင်ဆင်ခွင့်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင် နိုင်ငံခြားသို့ ကိစ္စအမျိုးမျိုးဖြင့် သွားရောက်ရသောနိုင်ငံသားများအနက် နိုင်ငံတော်၏ တာဝန်ဖြင့်သွားရောက်ရသည်များကို တရားဝင်ငွေလဲလှယ်နှုန်းဖြင့် ထိုက်သင့်သော ငွေလဲလှယ်ပေးပြီး သာမန်ပြည်သူများကို လဲလှယ်ပေးနိုင်ခြင်းမရှိသည့်အတွက် သာမန်ပြည်သူများအနေဖြင့် မိမိတို့လိုအပ်သည့် နိုင်ငံခြားငွေများကို တရားမဝင် ယူဆောင်သွားမှုများ ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းရေး ဆောင်ရွက်ပေးပါက ငွေလဲလှယ်နှုန်းတစ်မျိုးတည်းသာ ရှိလာမည်ဖြစ်ပြီး မည်သူမဆို ၎င်းငွေလဲလှယ်နှုန်းဖြင့်သာ ငွေလဲလှယ်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံခြားငွေ လဲလှယ်နှုန်းပေါင်းစည်းရေးကိုလည်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းပြီးဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဈေးတင်ရောင်းချ

ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း၏ **နိုင်ငံတော်က အောင်ဘာလေထီလက်မှတ်အား (၃၅၀/-) ကျပ်နှုန်းဖြင့်ဝယ်ယူရပါသောကြောင့် သတ်မှတ်ဈေးနှုန်းဖြစ်သည့် (၂၀၀/-)ကျပ်နှုန်းဖြင့် ပြည်သူ့လက်ဝယ်သို့အရောက် ဝယ်ယူနိုင်ရေးအတွက် မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ထီလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထီလက်မှတ်များ ရောင်းအားမြှင့်တင်နိုင်ရေးအတွက် အပိုဆုများချီးမြှင့်နိုင်ရေး၊ မိမိတို့လုပ်ငန်းအနေဖြင့် ထီစာအုပ်များဖြန့်ချိပေးပို့နိုင်ရေးတို့အတွက် ကုန်ကျစရိတ်များကို ပြန်လည်ကာမိစေရန်နှင့် အမည်ကောင်းတန်ဖိုးကိုပါ ရောင်းဈေးတွင်ထည့်သွင်းပြီး ထီလက်မှတ်တစ်စောင်လျှင် ငွေကျပ် (၂၀၀) ထက် ပိုမိုရောင်းချနေခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အောင်ဘာလေထီစနစ်အရ ထီရောင်းရငွေ၏ (၄၀) ရာခိုင်နှုန်းကို နိုင်ငံတော်ကအခွန်အဖြစ်ရယူပြီး ကျန်(၆၀) ရာခိုင်နှုန်းကို ဆုမဲအဖြစ်ခွဲဝေသောစနစ်ကို ကျင့်သုံးဆောင်ရွက်နေသဖြင့် ထီလက်မှတ်များထုတ်ဝေပေးသည်နှင့် ဆုမဲခွဲဝေမှု သတ်မှတ်ချက်များ သတ်မှတ်ထားပြီးဖြစ်ရာ ရောင်းမကုန်၍ ပြန်လည်အပ်နှံသည့်ထီလက်မှတ်များကို ပြည်တွင်းအခွန်ဦးစီးဌာနအနေဖြင့် ပြန်လည်လက်ခံခြင်း မရှိပါကြောင်း၊ ထို့ကြောင့်လည်း ထီရောင်းချသူများသည် ၎င်းရောင်းမကုန်ထီလက်မှတ်များ၏ အရှုံးကိုထေမိနိုင်ရန် တစ်ဖက်မှမက်လုံးပေးဆွဲဆောင်ပြီး ဈေးတင်၍ ရောင်းချနေခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံထီဖွင့်လှစ်သည့်စနစ်အရ ထီလက်မှတ်များအား ဖြန့်ဖြူးပြီးသည်နှင့် ထီဆုမဲခွဲဝေသတ်မှတ်ပြီး အောင်ဘာလေဆုမဲဖွင့်လှစ်နိုင်ရေး ကြိုတင်စီစဉ် ဆောင်ရွက်ရသဖြင့် အောင်ဘာလေသိန်းဆု စတင်ဖွင့်လှစ်ချိန်မှစပြီး ယနေ့အချိန်ထိ ပြည်တွင်းအခွန်ဦးစီးဌာန၊ မြို့နယ်ရုံးများအနေဖြင့် ထီတစ်စောင်ချင်း၊ တစ်အုပ်ချင်း ရောင်းချရန်အခက်အခဲရှိပါကြောင်း၊ ထီစာအုပ်ဝယ်ယူခွင့်ရရှိသူများအား ရရှိသည့် ထီအုပ်ရေအတိုင်း လက်ကားရောင်းချသည့်စနစ်ကိုသာ ကျင့်သုံးလျက်ရှိပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် နိုင်ငံတော်အခွန်ရငွေများ၏ (၉၀)ရာခိုင်နှုန်းကျော်ကို ကောက်ခံပေးနေသော လုပ်ငန်းဌာနတစ်ခုဖြစ်၍ ထီတစ်စောင်ချင်း၊ တစ်အုပ်ချင်း လက်လီရောင်းချမည်ဆိုပါက ဝန်ထမ်းအင်အားများ ပိုမိုအသုံးချရမည်ဖြစ်ခြင်း၊ ကျန်အခွန်ကောက်ခံမှုအပိုင်းတွင် လစ်ဟင်းသွားနိုင်ခြင်း၊ အခြေခံလူတန်းစားများ၏ အလုပ်အကိုင်အခွင့်အလမ်းလျော့နည်းသွားနိုင်ခြင်း၊ ဝန်ထမ်းများအနေဖြင့် ငွေကြေး အကိုင်အတွယ်ဆောင်ရွက်သဖြင့် ငွေကြေးဆိုင်ရာ မလိုအပ်သည့် ပြဿနာများ ဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် တစ်ဦးချင်းလက်လီဖြန့်ဖြူးရောင်းချရန် အစီအစဉ် မရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့အတူ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက လယ်ယာကဏ္ဍနှင့်စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို မေးမြန်းခဲ့ရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြန်လည်ဖြေကြားသည်။

နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး၏ **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးရာတွင် ဝန်ဆောင်စရိတ်များအပြင် ခရီးစရိတ်များကိုပါ ကျခံထုတ်ယူရသည့်အတွက် စိုက်ပျိုးစရိတ်ငွေများ အပြည့်အဝမရရှိကြသောကြောင့် နိုင်ငံတော်က စိုက်ပျိုးစရိတ်ငွေများထုတ်ချေးရာတွင် ကျေးရွာများအရောက် တောင်သူများထံ သွားရောက်ထုတ်ချေးပေးသောစနစ် ကျင့်သုံးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ယခင်က ကျေးရွာအရောက်စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခဲ့သော်လည်း ၁၉၉၃ ခုနှစ်အတွင်း အစိုးရအဖွဲ့ အစည်းအဝေးတွင် ညှိနှိုင်းဆုံးဖြတ်ချက်အရ စိုက်ပျိုးရေးစရိတ်ချေးငွေများ လုံခြုံရေးအပိုင်းနှင့် မသမာမှု၊ အလွဲသုံးစားမှုများကို ကာကွယ်ပေးနိုင်ရန် အဓိကရည်ရွယ်ချက်အပါအဝင် တောင်သူများဘဏ်စနစ်ကိုကျင့်သုံးတတ်စေရန်၊ ဘဏ်ကိုယုံကြည်အားထားလာစေရန်၊ တောင်သူလက်ဝယ်ရှိ ငွေပိုငွေလျှံများအား စုဆောင်းတတ်သည့် အလေ့အကျင့်ရရှိစေရန်ရည်ရွယ်၍ ဘဏ်သို့ကိုယ်တိုင်လာရောက်ငွေထုတ်ယူခြင်း၊ ကိုယ်တိုင်ပြန်လည်ပေးဆပ်ခြင်း၊ ငွေစုစာရင်းစာအုပ်များ တောင်သူတစ်ဦးချင်းစီဖွင့်လှစ်ပေးပြီး ငွေစုဆောင်းစေခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်စေခဲ့ခြင်း ဖြစ်သည်ကိုသိရှိရပါကြောင်း၊ တောင်သူများကိုယ်တိုင် ငွေစုစာအုပ်၊ စာရင်းစာအုပ်များဖွင့်လှစ်ပေးပြီး ငွေစုဆောင်းတတ်စေခြင်းစနစ်ကိုလည်း ကျင့်သုံးဆောင်ရွက်နိုင်ခဲ့မှုများရှိခဲ့ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခဲ့သည့်အတွက် ဘဏ်သို့ လယ်သမားကိုယ်တိုင်လာရောက်ထုတ်ယူရခြင်းဖြစ်ရာ လယ်သမားလက်ဝယ် ချေးငွေအပြည့်အဝရောက်ရှိစေပါကြောင်း၊ ကြားခံအဖွဲ့အစည်းမလိုအပ်တော့သည့်အတွက် အခြားငွေကြေးမသမာမှု၊ ငွေကြေးအလွဲသုံးစားမှုများကိုလည်း ဘဏ်စနစ်ဖြင့် ထိန်းကျောင်းကာကွယ်ပေးနိုင်ပါကြောင်း၊ လယ်သမားကိုယ်တိုင် ဘဏ်သို့ပြန်လည်ပေးရသည့်အတွက် ငွေသွင်းပြေစာအထောက်အထားများလက်ဝယ် ခိုင်ခိုင်မာမာ ပြန်လည်ရရှိစေနိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရသစ်ကာလတွင် တောင်သူလယ်သမားများ၏ အကျိုးကို ရှေးရှုပြီး ယခင်က ဆန်စပါး သီးနှံ လယ်တစ်ဧကငွေကျပ် (၂၀၀၀၀) နှုန်း ထုတ်ချေးပေးခဲ့ရာမှ ၂၀၁၁ ခုနှစ် ဩဂုတ် ၁၆ ရက်မှစ၍ လယ်စပါးစိုက်ဧက တစ်ဧကလျှင် ငွေကျပ် (၄၀၀၀၀) နှုန်းဖြင့် (၂)ဆတိုး သတ်မှတ်ကာ ထုတ်ချေးပေးလျက်ရှိခြင်းကြောင့် နိုင်ငံတော်၏ ငွေကြေးသုံးစွဲမှုပမာဏ ပိုမိုကြီးမားလာသည်နှင့်အမျှ နိုင်ငံတော် ဘဏ္ဍာငွေလုံခြုံရေးအပိုင်းကိုလည်း ပိုမိုအလေးထားကြပ်မတ်ဆောင်ရွက်ရန် လိုအပ်မှုရှိလာပါကြောင်း၊ ယခုကဲ့သို့ ဘဏ်တွင်ထုတ်ချေးနေသည့်စနစ်အတွက် ငွေကြေးစိတ်ချ လုံခြုံမှုရှိစေပါကြောင်း၊ သို့ဖြစ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများတွင်သာ ကိုယ်တိုင်လာရောက်ငွေထုတ်ယူခြင်း၊ ကိုယ်တိုင်ပြန်လည်ပေးဆပ်စေခြင်းစနစ်ကို လက်ရှိကျင့်သုံးနေသည့်စနစ်ဖြင့်သာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံစိတ်ချရမှုနှင့် ကျေးရွာအချင်းချင်း ဆက်သွယ်သွားလာမှုကောင်းမွန်သည့် ကျေးရွာအုပ်စုဗဟိုနေရာများသတ်မှတ်ပြီး ကျေးလက်အဆင့် လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲငယ်များကို ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရသို့တင်ပြပြီး နိုင်ငံတော်က အစီအစဉ်တကျ ခွင့်ပြုပေးနိုင်မှုရှိပါက တောင်သူလယ်သမားများ ယခုထက်ပိုမိုလုံခြုံချောမွေ့သော စနစ်ဖြင့် ငွေထုတ်ချေးနိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်၏ **ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်အတွင်း တောရိုင်းတိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိဘဲ လယ်ယာမြေအသစ်များ ဖော်ထုတ်လျှင် လယ်ဧက (၈၀၀၀)မှ(၁၀၀၀၀)အကြားရရှိနိုင်ပါကြောင်း၊ ထိုသို့ဖော်ထုတ်ရန် မရှိမဖြစ်လိုအပ်မည့် မြေတူးစက်၊ မြေထိုးစက်၊ မြေကော်စက်စသော စက်ယန္တရားများ ရရှိမှသာ လယ်ကွက်သစ်များ ဖော်ထုတ်ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ လယ်ယာသစ်များ ပေါ်ပေါက်ပါက မြို့နယ်အတွင်း လယ်သမားများ ဆင်းရဲမှုလျော့နည်းလာမည်ဖြစ်၍ လယ်ယာမြေကွက်အသစ်များဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ်၏ အနောက်တောင်ဘက်နှင့် အနောက်မြောက်ဘက်အကြားရှိ ဗျိုင်းတောင်၊ ဘုန်းကြီးတောင်၊ ကြက်ကင်တောင်၊ ခမောင်တောင်နှင့်ပုလဲငူတောင်များ၏ အရှေ့ဘက် အလျား(၁၀)မိုင်ခန့်၊ အနံ(၄)မိုင်ခန့်အတွင်း တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တော/သစ်ပင်ကြီးများ ထိခိုက်မှုမရှိစေရန် လယ်ယာမြေအသစ်များ ဖော်ထုတ်နိုင်ပါလျှင် ဧက(၈၀၀၀) မှ (၁၀၀၀၀)အကြား တိုးတက်ရရှိနိုင်သော အခြေအနေအလားအလာများရှိကြောင်း ဖော်ပြထားသည်ကိုတွေ့ရှိရပါကြောင်း၊ နိုင်ငံတော်အစိုးရသစ်အနေဖြင့် လယ်ယာကဏ္ဍ

စာမျက်နှာ ၄ ကော်လံ ၁ သို့

စာမျက်နှာ ၃ မှ

ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိလယ်မြေများကို တစ်ဧကအထွက်နှုန်း တိုးတက်စေရန် မျိုးစေ့များ ပြောင်းလဲအသုံးပြုနိုင်ရေး၊ နည်းပညာသစ်များ၊ စိုက်နည်းသစ်များ တောင်သူလယ်သမားလက်ဝယ်သို့ရောက်ရှိရေး၊ သီးနှံအမယ်လိုက် တောင်သူများ တွက်ခြေကိုက်စေရေးအပါအဝင် စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေး လုပ်ငန်းများကို အဘက်ဘက်မှ စွမ်းအားရှိသမျှ ကြိုးပမ်းဆောင်ရွက်နေသည်ကို ကိုယ်စားလှယ်တော်ကြီးများ တွေ့မြင်သိရှိနေကြသည့်အတိုင်း ဖြစ်ပါကြောင်း။

ထူထောင်

နိုင်ငံနှင့်အဝန်းတည်ဆောက်ပြီးဖြစ်သော ဆည်၊ တာတမံလုပ်ငန်းများတွင် တည်ဆောက်ရန်ကျန်နေသေးသော မဖြစ်မနေ ဆက်လက်အကောင်အထည်ဖော်ရမည့် ဆည်ရေသောက်စနစ်၊ ရေမြောင်းစနစ်များ တည်ဆောက် အကောင်အထည်ဖော်နိုင်ရေးအတွက် ဦးစားပေးလုပ်ငန်းအနေဖြင့် ဆောင်ရွက်ရန်ကျန်ရှိနေမှု ရှိပါကြောင်း၊ မာန်အောင်မြို့နယ်အတွင်း လက်ရှိနေထိုင်လျက်ရှိသည့် လူဦးရေ (၁)သိန်းခန့်ရှိပြီး စိုက်ပျိုးမြေဧကအနေဖြင့် စုစုပေါင်း(၃)သောင်းကျော်ခန့်ရှိသည့်အတွက် လူဦးရေနှင့်လယ်မြေဧကအသုံးပြုနိုင်မှု အမျိုးအစားမှာ လုံလောက်သင့်တင့်မျှတမှု ရှိသည်ကို နှိုင်းယှဉ်တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာကဏ္ဍ

ယခုအခါ ရွှေတူးဖော်ခြင်းလုပ်ငန်းနှင့်ပတ်သက်ပြီး လုပ်ငန်းဆောင်ရွက်နေသော **အချို့ကုမ္ပဏီများသည် ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်မှစပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာရေးနှစ်အလိုက် စာချုပ်ပါစည်းကမ်းသတ်မှတ်ချက် ကတိကဝတ်ပါအတိုင်း နိုင်ငံတော်သို့ပေးသွင်းရမည့် ရွှေအချိုးများ ပေးသွင်းခြင်းမရှိဘဲ ပျက်ကွက်နေပါကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနအနေဖြင့် စည်းကမ်းသတ်မှတ်ချက်အတိုင်း ဆောင်ရွက်ရန် လစ်ဟင်းနေသော ရွှေတူးဖော်ခြင်းလုပ်ငန်းကုမ္ပဏီများကို နိုင်ငံတော်သို့ပေးသွင်းရမည့် ရွှေအချိုးများမပျက်မကွက်ပေးသွင်းရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များ ပြန်ရောက်ပါက နိုင်ငံတော်အတွက်ပေးသင့်ပေးထိုက်သည့် ရွှေအချိုးများမပျက်မကွက် ပေးသွင်းရေး၊ ၎င်းတို့အကျိုးစီးပွား ဖြစ်ထွန်းရေးနှင့် ယှဉ်တွဲဆောင်ရွက်ကြရေး နှိုးဆော်တိုက်တွန်း၍ ရှင်းလင်းပြောဆိုပေးကြပါရန် တင်ပြအပ်ပါကြောင်း၊ သို့ဖြစ်၍ အသေးစား ထုတ်လုပ်မှုသည် စက်ယန္တရားများရင်းနှီးမြှုပ်နှံ၍ ကုန်ကျစရိတ်များစွာ အသုံးပြုရသည့် လုပ်ငန်းမဟုတ်ပါသဖြင့် ဧက(၂၀)ရွှေဖော်ထုတ်လုပ်ကွက်တွင် စက်ယန္တရားအသုံးပြု၍ ရွှေတူးဖော်ထုတ်လုပ်ခွင့်ပြုရန် အစီအစဉ်မရှိပါကြောင်း** ဖြင့် ပြန်လည်ဖြေကြားသည်။

ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ **ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် ပွင့်လင်းရာသီ၌ တောဆင်ရိုင်းများ အန္တရာယ်**

ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုထားသည့်အတိုင်း သဘောတူကြောင်း ဆုံးဖြတ်သည်။

ဖတ်ကြားရှင်းလင်း

ဩဂုတ် ၃၀ရက်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်ထားသည့် **၂၀၁၁ခုနှစ် လယ်ယာမြေဥပဒေကြမ်း** ကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးက တင်သွင်းပြီး ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပြီး ပြင်ဆင်ချက် အဆိုတင်သွင်းဆွေးနွေးလိုသူများအနေဖြင့် ပြင်ဆင်လိုသည့် 'အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ စာသား' တို့ကို တိတိကျကျဖော်ပြ၍ စက်တင်ဘာ ၉ ရက် (သောကြာနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရှိရသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍတွင် စက်တင်ဘာ ၆ရက်က တင်သွင်းခဲ့သော သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွှန့်၏ **နိုင်ငံတကာအဆင့်မီအလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေသစ်တစ်ရပ်မူကြမ်းရေးဆွဲပြုစုပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေး လိုအပ်သော အစီအစဉ်များပြုလုပ်ပေးပါရန်** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးကြသည်။

တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် မသင့်မလျော် ရေးသားမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းပေးနေခြင်းသည်

စာပေလောကသားများ၏ အကျိုး၊ ပြည်သူများ၏ အကျိုးအတွက် ဆောင်ရွက်ပေးနေခြင်းသာဖြစ်

အပါအဝင် နိုင်ငံနှင့်အဝန်း နိုင်ငံတော်ကာကွယ်ရေးနှင့်လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် ဦးစားပေးလုပ်ငန်းများအရ ဘဏ္ဍာငွေများအား ခွဲဝေခွင့်ပြုပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ မာန်အောင်မြို့နယ်အတွင်း လယ်မြေ၊ ယာမြေကွက်သစ်များအား စက်ယန္တရားကြီးများဖြင့် ဖော်ထုတ်ပေးရန်လုပ်ငန်းများအား နိုင်ငံတော်၏ဘဏ္ဍာငွေခွင့်ပြုပေးနိုင်မှုနှင့် စက်ယန္တရားများအား ဖြန့်ခွဲအသုံးပြုနိုင်မည့် အခြေအနေအချိန်အခါတွင် ဆက်လက်အကောင်အထည်ဖော်ရန် လုပ်ဆောင်သင့်သောလုပ်ငန်းအဖြစ် မှတ်သားထားရှိမည်ဖြစ်ပါကြောင်း၊ မြို့နယ်အတွင်း စက်ယန္တရားလိုအပ်ချက်အပေါ် မူတည်ပြီး စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်တပ်ဆင်အသုံးပြုလျက်ရှိသော လက်တွန်းထွန်စက်ငယ်များ၊ ကောက်ရိတ်စက်ငယ်များ၊ ခြွေလှေ့စက်ငယ်များအား သက်သာသောဈေးနှုန်းဖြင့် အရစ်ကျငွေပေးသွင်းသောစနစ်ဖြင့် အထူးကိစ္စတစ်ရပ်အဖြစ် ရောင်းချပေးရန် စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း၊ စက်များ မောင်းနှင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းအပါအဝင် သင်တန်းအသီးသီးကိုလည်း မိတ္ထီလာ စက်မှုလယ်ယာသင်တန်းကျောင်းတွင် သင်တန်းသားများစေလွှတ်နိုင်သလောက် အခမဲ့လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပါကြောင်း၊ စက်ငယ်များဝယ်ယူအသုံးပြုပါကလည်း ပြုပြင်ထိန်းသိမ်းနိုင်သည့် ယာဉ်ပြင်အလုပ်ရုံငယ်များကို မြို့နယ်အတွင်း ထူထောင်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း၏ **ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်းရှိ ကိုယ်ထူကိုယ်ထ ဆောင်ရွက်ထားသည့် ပင်လယ်ကမ်းပတ် လယ်သမားတာ (၆၂ ဒသမ ၀၆)မိုင်မှာပျက်စီးနေပြီး ယင်းတာများသည် လယ်မြေဧက(၂၉၅၀၄)အတွက် ရေကြီးနစ်မြုပ်မှုကို ကာကွယ်ပေးသောကြောင့် လယ်သမားများ၏ လုပ်အားဖြင့် ဆောင်ရွက်ရန်အခက်အခဲရှိပါကြောင်း၊ သို့ဖြစ်၍ ၎င်းကမ်းပတ်တာများအား ဆည်မြောင်းထိန်းသိမ်းရေးဌာနလက်အောက်တွင် ဆည်မြောင်းတာအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာနက ထိန်းသိမ်းထားသော ပင်လယ်ကမ်းပတ်တာမှာ အလျား(၃၈ ဒသမ ၈၅)မိုင်ရှိပြီး ရေဘေးကာကွယ်ဧရိယာ (၃၉၆၈၆) ဧကရှိပါကြောင်း၊ ထို့အပြင် လယ်သမားများထိန်းသိမ်းလျက်ရှိသည့်တာမှာ အလျား (၇ ဒသမ ၃)မိုင် ရှိပါကြောင်း၊ ဆည်မြောင်းဦးစီးဌာနအနေဖြင့် ဌာနကထိန်းသိမ်းထားသော တာများအပြင် လယ်သမားတာများကိုလည်း အခြေအနေပေးသည်နှင့်အမျှ ရာသီချိန်အမီ အသုံးပြုနိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒေးဒရဲမြို့နယ်ရှိ ဆားကျင်းနှာခေါင်းချောင်း လယ်သမားတာကိုလည်း ဌာနက ထိန်းသိမ်းထားသော တာကဲ့သို့ ဆောင်ရွက်ပေးခဲ့မှုရှိခဲ့ကြောင်း၊ ယခုတင်ပြသည့် တမာတကောတာအဆုံးမှ ကျုံဒပ်ရွာအထိရှိသော အလျား (၇ဒသမ၃) မိုင်ရှိ လယ်သမားတာကိုလည်း ဆည်မြောင်းဦးစီးဌာနအနေဖြင့် ခိုင်ခံ့အောင်ပြုပြင်ဆောင်ရွက်ပေးရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ နောင်တွင် ဆည်မြောင်းဦးစီးဌာနက ထိန်းသိမ်းထားသော တာအဖြစ် ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် အလျင်မြန်ဆုံးစီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပိုမိုခိုင်ခံ့အောင်လည်း အဆင့်မြှင့်တင် အကောင်အထည်ဖော်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်

ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်၏ **အသေးစားဧက (၂၀) ရွှေဖော်ထုတ် လုပ်ကွက်ကို သတ္တုတူးဖော်ရေးကုမ္ပဏီများက လုပ်ကိုင်ကြလျက်ရှိရာ လုပ်ငန်းလိုအပ်ချက်အရ စက်ယန္တရားများကို တရားမဝင်အသုံးပြု၍ တူးဖော်လုပ်ကိုင်ကြကြောင်း၊ နိုင်ငံတော်သို့ ပေးသွင်းရမည့်သတ်မှတ်ရွှေပမာဏနှင့် မှန်ကန်စွာပေးသွင်းမှုမရှိဘဲ အခွန်ငွေဆုံးရှုံးမှုများဖြစ်ပေါ်နေကြောင်း တွေ့ရှိရသဖြင့် အသေးစားဧက(၂၀)ရွှေဖော်ထုတ် လုပ်ကွက်များတွင် စည်းမျဉ်းစည်းကမ်းများချမှတ်၍ စက်ယန္တရားများဖြင့် ရွှေတူးဖော်ထုတ်လုပ်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က **မြန်မာနိုင်ငံအနှံ့အပြား ရွှေထွက်သော ဒေသများတွင် ဒေသခံလက်လုပ်လက်စားများ၏ ကနဦးရွှေများ တွေ့ရှိမှုအပေါ် မူတည်ပြီး ငွေကြေးရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များက တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ ဖြစ်စေ၊ ရွှေသတ္တုအသေးစားထုတ်လုပ်ခွင့်လျှောက်ထား၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာရင်းအရ ရွှေအသေးစားထုတ်လုပ်ရေးကုမ္ပဏီ (၄၇၉)ခုသည် လုပ်ကွက်ပေါင်း (၁၄၅၂)ကွက်လုပ်ကိုင်လျက်ရှိပါကြောင်း။ စာချုပ်အရ၊ ဥပဒေအရ အသေးစားထုတ်လုပ်မှုတွင် စက်ယန္တရားများ အသုံးပြုခွင့်မရှိပါကြောင်း၊ စာချုပ်ပါအတိုင်း၊ ဥပဒေပါအတိုင်း ကုမ္ပဏီများက လေးစားလိုက်နာပြီး ရွှေထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ကြသော်လည်း အချို့သောကုမ္ပဏီများသည် စက်ယန္တရားများအသုံးပြု၍ ရွှေတူးဖော်နေသည်ကို သိရှိရပါကြောင်း၊ ဤသည်မှာ ဥပဒေကိုချိုးဖောက်ဆောင်ရွက်နေခြင်း၊ စာချုပ်ပါစည်းကမ်းများကို ဖောက်ဖျက်လုပ်ဆောင်နေခြင်းဖြစ်သဖြင့် ဥပဒေအရ အရေးယူခြင်းခံရမည် ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကိုလည်း ဖြစ်စေသည့်အတွက် မလုပ်သင့်သော လုပ်ရပ်ဖြစ်ပါကြောင်း၊ အဆိုပါဖြစ်စဉ်များကို ယခုနှစ် ပွင့်လင်းရာသီမှစပြီး စစ်ဆေးရေးအဖွဲ့များဖြင့် စနစ်တကျစစ်ဆေးခြင်း၊ ရှင်းလင်းဆွေးနွေးခြင်း၊ ပညာပေးမှတ်တမ်းတင်ခြင်း၊ ဥပဒေအရ အရေးယူခြင်းများကို တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။**

ပြုမှုများကို အမြဲကြုံတွေ့နေရပြီး နှစ်စဉ်လယ်ယာမြေများ၊ ဥယျာဉ်ခြံမြေများ၊ လူနေတဲအိမ်များကိုဖျက်ဆီး၍ လူတို့၏အသက်အန္တရာယ်ကိုပါ ထိခိုက်အောင် ပြုလုပ်လာပြီး အချို့မှာ အသက်ဆုံးရှုံးခြင်းများရှိနေပါသဖြင့် တောဆင်ရိုင်းများအန္တရာယ်မှ ကင်းရှင်းရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက တောဆင်ရိုင်းများကို ယဉ်ပါးအောင် လေ့ကျင့်သင်ကြားပြီး သစ်ထုတ်လုပ်ငန်း၊ ခရီးသွားလာခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း၊ သဘာဝခရီးသွားလုပ်ငန်းတို့တွင် အသုံးပြုလျက်ရှိပါကြောင်း၊ လူနှင့်ဆင်ပဋိပက္ခများ ဖြစ်ပေါ်တတ်သည့် ဒေသများကို စိစစ်ပြီး နှစ်စဉ်တောဆင်ရိုင်းများဖမ်းဆီးကာ လေ့ကျင့်သင်ကြား အသုံးချမှုကို ဆောင်ရွက်ခဲ့ပါကြောင်း၊ သဘာဝတောများအတွင်း ပြန်လည် မောင်းသွင်းခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ငပုတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့် မေးမြန်းစဉ်။
(သတင်းစဉ်)

လိုအပ်သလိုဖမ်းဆီးထိန်းသိမ်း

တောဆင်ရိုင်းများ ကာကွယ်တားဆီးရာတွင် ဆင်များ၏အလေ့အထဖြစ်သော စားကျက်မြေ ပြောင်းရွှေ့ တတ်မှု၊ အစာများစွာ စားသုံးရန်လိုအပ်မှု၊ Home Range စတုရန်းမိုင် (၃၀)မှ (၄၀) ခန့်အတွင်း ကျယ်ပြန့်စွာလေ့ကျင့် ကျက်စားတတ်မှုနှင့် အသွားလမ်း/အပြန်လမ်းတစ်လမ်းတည်း သွားလာတတ်မှုများကို အခြေခံပြီး ဆင်အုပ်စုနှင့် ထိပ်တိုက်မတွေ့ရန် ကြိုတင်ရှောင်ရှားခြင်း၊ ဆင်ဘေးမဲ့တောများအနီး နေထိုင်မှုမပြုခြင်း၊ ဆင်များသွားလာတတ်သည့်လမ်းများကို အပြောင်းရှင်းပြီး အမှိုက်များ စုပုံအခြောက်ခံ၍ ဆင်လာချိန်တွင် မီးရှို့ခြောက်လှန့်ခြင်း၊ ဝါးဆစ်မီးဖောက်ခြင်း၊ ဆင်လာရာလမ်းတွင် ရောင်ပြန်စီဒီပြားများ ချိတ်ဆွဲထားခြင်း၊ ဆင်များ လာရောက်စဉ် ဧရာတ်သီးသျှော် တိုက်ခြင်း၊ လယ်/ယာတဲများနေ လူအများက တုံးခေါက်ခြင်း၊ ကုလားတက်ခေါက်ခြင်း၊ သံပုံးတီးခြင်းစသည်တို့ လုပ်ဆောင်ကြရန် ဒေသခံလယ်သမား၊ ခြံသမားများနှင့် တွေ့ဆုံအသိပညာပေးခြင်းများကို ဌာနဝန်ထမ်းများက ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသခံများ၏ တောဆင်ရိုင်းများ ဝင်ရောက်မှု သတင်းပေးပို့ချက်ရရှိပါက နယ်မြေခံတပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ အကူအညီဖြင့် သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းများက ကျေးလက်နေပြည်သူများနှင့်အတူ သဘာဝတောများအတွင်းသို့ ပြန်လည်မောင်းသွင်းခြင်းနှင့် လိုအပ်သလို ဖမ်းဆီးထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဆင်နှင့်လူ ပဋိပက္ခဖြစ်ပွားရမှုသည် ဘဝရှင်သန်ရပ်တည်နိုင်ရေး အတွက် သဘာဝတောများကို အပြိုင် မှီတင်းနေထိုင်ကြရာမှ ထိပ်တိုက်တိုးမိကြခြင်းဖြစ်ရာ လူတို့က ဆင်များကျက်စားရာ သဘာဝတောများအတွင်း ကျူးကျော်ဝင်ရောက်လုပ်ကိုင်မှုကို တတ်နိုင်သမျှ ရှောင်ကြဉ်ရန် လိုအပ်ပါကြောင်း၊ ကျေးရွာများကို တောဆင်ရိုင်းများ မဝင်ရောက်နိုင်ရန် ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းနှင့် ဝင်ရောက်လာပါက သတင်းပေးပို့ခြင်း အလေ့အကျင့်များ ပြုလုပ်ထားသင့်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တောဆင်ရိုင်းများကျေးရွာများသို့ ကျူးကျော် နှောင့်ယှက်ဖျက်ဆီးလာပါက သစ်တောနယ်မြေများအတွင်း ပြန်လည်မောင်းသွင်းခြင်း၊ လိုအပ်ပါက ဖမ်းဆီး၍ ဆင်ကောင်ရေ လျှော့ချခြင်းတို့ကို စီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အမျိုးသားလွှတ်တော်၌အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ဩဂုတ် ၃၀ ရက်က ပေးပို့ထားသော **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌက တင်သွင်းသည်။

အဆုံးအဖြတ်ရယူ

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာတွင် ပြင်ဆင်ချက်မရှိသကဲ့သို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြင်ဆင်ချက်တစ်စုံတစ်ရာ တင်သွင်းခြင်းမရှိသဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၉၊ နည်းဥပဒေခွဲ(က)အရ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုနိုင်ရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

'အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** ကို သဘောတူညီချက်ရယူရန်' အဆိုကို လွှတ်တော်ကသဘောတူသည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲ

ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေက ဆွေးနွေးရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄ တွင် "နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်"ဟု သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်းက ဆွေးနွေးရာတွင် ၁၉၆၄ခုနှစ် ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များကို ပြဋ္ဌာန်းသည့်ဥပဒေသည် လက်ရှိအခြေအနေနှင့်လိုက်လျောညီထွေမှု၊ ပြည့်စုံမှုမရှိနိုင်တော့သည်ကို သုံးသပ်တွေ့ရှိရပါသဖြင့် ဤအဆိုကိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်စုစုလှိုင်က ဆွေးနွေးရာတွင် အလုပ်သမားများ၏အခွင့်အရေးနှင့် ပတ်သက်၍ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက အဆိုတင်သွင်းခဲ့ကြရာ လွှတ်တော်ကလည်း အတည်ပြုဆုံးဖြတ်ထားပြီးဖြစ်ပါကြောင်း၊ အသစ်ပြန်လည် ရေးဆွဲသင့်သည်ဟု ယူဆရသော ဥပဒေများကိုလည်း အသစ်ပြန်လည်ပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း၊ အလုပ်သမားအခွင့်အရေးများကို အပြည့်ပြည့်ဆိုင်ရာ အလုပ်သမားရေးရာ စံနှုန်းများနှင့်အညီ ယင်းဥပဒေများအောက်တွင် အကာအကွယ်ပြုပြီးဖြစ်ပါသဖြင့် ဤအဆိုကို ထပ်မံတင်သွင်းရန် မလိုအပ်တော့ဘဲ ပြန်လည်ရုပ်သိမ်းပေးရန် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကာကွယ်စောင့်ရှောက်ပေး

ယင်းအဆိုနှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က **အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာဥပဒေ များဖြင့် အလုပ်သမားများ၏ရပိုင်ခွင့်များဖြစ်သည့် အလုပ်လုပ်ပိုင်ခွင့်၊ အလုပ်ခွင် တည်မြဲပိုင်ခွင့်၊ အားလပ်ချိန်ရပိုင်ခွင့်၊ ပညာသင်ပိုင်ခွင့်၊ မီးဖွားသည့်အခါရပိုင်ခွင့်၊ နာမကျန်းဖြစ်သည့်အခါ လုံခြုံမှုရပိုင်ခွင့်၊ လျော်ကြေးရပိုင်ခွင့်စသည်တို့ကို အပြည့်အဝ ခံစားရရှိနိုင်စေရန် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါကြောင်း။**

မတ် ၃၀ ရက်က ပြည်ထောင်စုလွှတ်တော်၌ နိုင်ငံတော်သမ္မတက 'အလုပ်သမားများ၏ အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်မည်' ဟု ပြောကြားခဲ့သည့်အပေါ် အကောင်အထည်ဖော်မှုတစ်ရပ်အနေဖြင့် ယခုကျင်းပနေသည့် အမျိုးသားလွှတ်တော်သို့ အလုပ်သမားအဖွဲ့အစည်း ဥပဒေကြမ်းကို တင်သွင်းဆွေးနွေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ ပြည်သူ့လွှတ်တော်၌ စဉ်းစားဆွေးနွေးနိုင်ရန် တင်သွင်းသွားမည်ဖြစ်ပါကြောင်း၊ ယင်းဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄ နှင့်အညီ အလုပ်သမားများ၏ အခွင့်အရေးများကိုကာကွယ်စောင့်ရှောက်ရန်၊ အလုပ်သမားအချင်းချင်းအကြား၊ အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဆက်ဆံရေး ကောင်းမွန်စေရန်၊ အလုပ်သမားအဖွဲ့အစည်းများကို စနစ်တကျနှင့် လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြုစုတင်ပြခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် အဆိုပါ ဥပဒေကြမ်းသည် နိုင်ငံတကာအဆင့်မီ အရေးကြီးသော အလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လည်း ဖြစ်ပါကြောင်း။

နောင်ကျင်းပမည့် လွှတ်တော်အစည်းအဝေးများတွင်လည်း လူမှုဖူလုံရေးဥပဒေ၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးစသည့် အလုပ်သမားဥပဒေများကို ပြဋ္ဌာန်းနိုင်ရေး ဥပဒေကြမ်းများ တင်ပြသွားရန် ရှိပါကြောင်း၊ သို့ဖြစ်၍ ဤအဆိုသည်ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်သောကြောင့် သီးခြားအဆိုတစ်ရပ်အဖြစ် လက်ခံရန်မလိုအပ်တော့ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆုံးဖြတ်

အဆိုရှင်ဦးသိန်းညွှန့်က ၎င်း၏အဆိုအား လွှတ်တော်ကမှတ်တမ်းတင်ထားပေးပါရန်တင်ပြရာ ယင်းအဆိုကို လွှတ်တော်ကမှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ယမန်နေ့ကတင်သွင်းခဲ့သော သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွှန့်၏ **သတင်းမီဒီယာသမားများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်စသည့် အခွင့်အရေးများကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးပါရန်** အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက ဆွေးနွေးကြသည်။

ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်းက ဆွေးနွေးရာတွင် သတင်းမီဒီယာသမားများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်စသည့် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေတစ်ရပ်ကို ပြည်သူတစ်ရပ်လုံးက တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့သည့် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြဋ္ဌာန်းပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်းက ဆွေးနွေးရာတွင် အရေးကြီးသည့် စတုတ္ထမဏ္ဍိုင် သတင်းမီဒီယာလွတ်လပ်ခွင့်ကို ခြေလှမ်းများစွာ နောက်ကျ မကျန်ရစ်စေလိုပါသဖြင့် ဤအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

8-9 (04).pmd 1 9/8/2011, 2:25 AM

စာမျက်နှာ ၄ မှ

မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်းက ဆွေးနွေးရာတွင် မှန်ကန်တိကျသည့် သတင်းများ အမြန်ရရှိရေးအတွက် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

လှိုင်သာယာ မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းက ဆွေးနွေးရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ (က)တွင် "နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှ အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ ခံစားခွင့်ရှိသည်"ဟုလည်းကောင်း၊ ပုဒ်မ ၃၅၄(က)တွင် 'နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိသည်' ဟုလည်းကောင်း ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် သတင်းမီဒီယာသမားများသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ရေးသားဖြန့်ဝေခွင့် ရရှိထားပြီးဖြစ်ပါကြောင်း၊ ထိုသို့ရရှိထားသည့်အခွင့်အရေးများအတိုင်း မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို ပြဋ္ဌာန်းဥပဒေများနှင့်မဆန့်ကျင်ဘဲ စည်းကမ်းတကျ လွတ်လပ်စွာထုတ်ဖော်ပြောဆို ရေးသားဖြန့်ဝေခြင်းကို ထောက်ခံကြိုဆိုပါကြောင်း၊ သို့ဖြစ်၍ ဤအဆိုသည် ဆက်လက်တင်သွင်းရန် မလိုအပ်တော့သည့် အဆိုဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဦးသိန်းညွန့်တင်ပြခဲ့သည့် အဆိုတွင် **မီဒီယာသမားများ၏ ထင်မြင်ယူဆချက်များဟူသည်မှာ ကျယ်ပြန့်လှပါကြောင်း၊ အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ လူအမျိုးမျိုး အမြင်အမျိုးမျိုးရှိသည့်အတွက် ထင်မြင်ယူဆချက်ပေါင်းမြောက်မြားစွာ ထွက်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးမှုတွင် ထင်မြင်ယူဆချက်ဟူသည်ကို အရှိန်အဟုန်ပြင်းစွာ စီးဆင်းနေသည့် ရေစီးကြောင်းနှင့် နှိုင်းယှဉ်တင်ပြလိုပါကြောင်း၊ အရှိန်အဟုန်ဖြင့် စီးဆင်းသည့် မြစ်ရေ ချောင်းရေများသည် မြစ်ချောင်းများအတွင်းသို့ စီးဝင်သွားပါက အကျိုးများမည်ဖြစ်သော်လည်း မြစ်ဘောင် ချောင်းဘောင်အတွင်းတွင် ရှိမနေဘဲ စည်းကမ်းမဲ့စွာ ပျံ့နှံ့စီးဆင်းသွားမည်ဆိုပါက လူသားတို့အတွက် အပြစ်ဆိုးကျိုးက ပိုမိုများပြားစေမည်ဖြစ်ပါကြောင်း၊ ထိုနည်းတူ ယခုအဆိုပြုသည့် မီဒီယာသမားများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာရေးသားခွင့်ပေးပြီး အဆိုပါ လွတ်လပ်စွာ ရေးသားခွင့်အတွက် ကာကွယ်သည့် ဥပဒေပြဋ္ဌာန်းပေးရမည်ဆိုပါက နိုင်ငံနှင့်ပြည်သူအတွက် အကျိုးထက်အပြစ်က ပိုမိုများပြားနိုင်ပါကြောင်း၊ သို့သော် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီသာ ထင်မြင်ယူဆချက်များကို ရေးသားခွင့်ပေးမည်ဆိုလျှင်မူ နိုင်ငံနှင့် ပြည်သူအတွက် အကျိုးတရားများပြားနိုင်မည်ဟု ပြောကြားလိုပါကြောင်း။**

ဟန်ချက်ညီအောင်ထိန်းညှိ

မိမိတို့၏လွတ်လပ်ခွင့်ကို ရယူကျင့်သုံးကြရာဝယ် လူ့အဖွဲ့အစည်းကိုသော်လည်းကောင်း၊ နိုင်ငံတော်ကိုသော်လည်းကောင်း၊ အခြားသော ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ အခွင့်အရေးကိုသော်လည်းကောင်း ထိခိုက်မှုမရှိစေမှသာ လွတ်လပ်စွာ ကျင့်သုံးနိုင်မည်ဖြစ်ပါကြောင်း၊ လွတ်လပ်ခွင့်ဆိုသည်မှာ စည်းကမ်းတကျ ကျင့်သုံးရသကဲ့သို့ ဆင်ခြင်တုံတရားနှင့် ထိန်းကွပ်ရသည့်အရာလည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့်ဆိုရာဝယ် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လွတ်လပ်မှုနှင့်တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရား စသည့် အကြောင်းတရားများကို ဟန်ချက်ညီအောင် ထိန်းညှိပြီးမှသာလျှင် ရေးသားဖော်ပြကြရမည်ဖြစ်ပါကြောင်း။

ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ မှာလည်း 'နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိတို့၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိသည်'ဟူ၍ ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် မီဒီယာသမားများသည် လွတ်လပ်ခွင့်နှင့်အညီ လွတ်လွတ်လပ်လပ်ရေးသားနိုင်ခွင့်ရှိသကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးကို မထိပါးအောင် ထိန်းသိမ်းဖို့ တာဝန်ယူကြရမည် ဖြစ်ပါကြောင်း၊ အခြေခံဥပဒေပြဋ္ဌာန်းချက်၌ပင် လွတ်လပ်ခွင့်နှင့်တာဝန်သည် ဒွန်တွဲလျက်ရှိသည့်အတွက် လွတ်လပ်ခွင့်ကို ရယူကျင့်သုံးသကဲ့သို့ တာဝန်ယူမှု၊ တာဝန်ခံမှုလည်း ရှိကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင်ဟူသည့် စကားရပ်သည် အင်မတန် အရေးကြီးပါကြောင်း၊ ပြည်သူများ၏ ကိုယ်ကျင့်တရားနှင့် သက်ဆိုင်သည့် အချို့သောအကြောင်းအရာများသည် ဥပဒေပြဋ္ဌာန်းရေးဆွဲ၍ ရနိုင်သော်လည်း အချို့သောအကြောင်းရာများမှာမူ ဥပဒေပြဋ္ဌာန်းရေးဆွဲ၍ မရနိုင်ပါကြောင်း၊ ထိုသို့သော အကြောင်းအရာများနှင့်စပ်လျဉ်း၍ ဆင်ခြင်တုံတရားနှင့် လိုက်နာစောင့်ထိန်းကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများကို လေ့လာကြည့်လျှင် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၂၉၂၊ ၂၉၃၊ ၂၉၄၊ ၂၉၈၊ ၅၀၀၊ ၅၀၉ စသည်ဖြင့် ရှိပါကြောင်း၊ ကလေးသူငယ်ဆိုင်ရာ ပြဋ္ဌာန်းချက်များလည်း ရှိပါကြောင်း၊ အဆိုပါ ဥပဒေပုဒ်မများကို လိုက်နာထိန်းသိမ်းကြရမည် ဖြစ်ပါကြောင်း။

စီစဉ်ဆောင်ရွက်

မီဒီယာသမားများအပါအဝင် နိုင်ငံသားများ၏ အခွင့်အရေးနှင့်ပတ်သက်၍ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက **"ကျွန်တော်တို့အနေနဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ တစ်နည်းအားဖြင့် လူ့အခွင့်အရေးများနဲ့ပတ်သက်ပြီး အခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်နိုင်ဖို့အတွက် တည်ဆဲဥပဒေများကို လိုအပ်ပါကပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ ဥပဒေသစ်ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကို လုပ်ဆောင်သွားမှာဖြစ်ပါတယ်"** ဟူ၍ ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် **ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း မီဒီယာသမားများအတွက် မိမိတို့၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ရေးသားဖော်ပြနိုင်အောင်၊ အခြေခံဥပဒေနှင့်လည်းညီညွတ်အောင်၊ တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးပြုနိုင်သည့် စစ်မှန်သောစတုတ္ထမဏ္ဍိုင်ဖြစ်လာအောင် မီဒီယာဆိုင်ရာဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းပြုလုပ်နိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့တင်ပြနိုင်ရေး စီမံဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ လွတ်လပ်စွာရေးသားခွင့်နှင့်အတူ တာဝန်နှင့်ဝတ္တရားများပါ တွဲဖက်နိုင်အောင်၊ ဥပဒေနှင့်အညီ ရပိုင်ခွင့်များရရှိနိုင်အောင် စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။**

သို့သော် ၁၉၈၈ ခုနှစ် အရေးအခင်းကာလအတွင်းကကဲ့သို့ ရေးချင်သလိုရေး၊ ထုတ်ချင်သလိုထုတ်ခဲ့ကြသည့် အခွင့်အရေးမျိုး ရနိုင်မည်မဟုတ်ပါကြောင်း၊ လွတ်လပ်မှုကို အလွဲသုံးစားပြုပြီး မမှန်မကန်ဇာတ်လမ်းဆင် လုပ်ကြံရေးသား ထုတ်လွှင့်မှုများကြောင့် နိုင်ငံနှင့်အဝန်း ဆိုးရွားလှသည့်ဖြစ်ရပ်များနှင့်ကြုံတွေ့ခဲ့ရသည်ကို မမေ့စေလိုကြောင်း၊ ယခုအချိန်တွင် အချို့သောဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်ချက်များနှင့်အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အကြံပြုချက်ရယူရန် တင်ပြထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါဥပဒေများကို အတည်ပြုပြဋ္ဌာန်းနိုင်ခြင်း မရှိသေးမီကာလအတွင်းမှာပင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လက်ရှိ တည်ဆဲဥပဒေများထဲမှ လုပ်ပိုင်ခွင့်များကိုကျင့်သုံးပြီး မီဒီယာလောကသားများ၏ လွတ်လပ်ခွင့်အတွက် ဖြေလျှော့မှုများကို ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ နောက်နောင်တွင် ပြည်ထောင်စုလွှတ်တော်က မီဒီယာဆိုင်ရာဥပဒေများကို အတည်ပြုပြဋ္ဌာန်းလိုက်ချိန်တွင် မီဒီယာလောကသားများဆောင်ရွက်နေသည့် ဆောင်ရွက်မှုများနှင့် အံဝင်ခွင်ကျဖြစ်စေရန် ရည်ရွယ်ပြီး ဖြေလျှော့ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း။

ခွင့်ပြုပေးလျက်ရှိ

ယနေ့အခါတွင် မီဒီယာလောကသားအားလုံးအတွက် လွတ်လပ်မှု၊ တာဝန်သိမှု၊ တာဝန်ရှိမှုနှင့် တာဝန်ယူမှုကို ပူးတွဲကျင့်သုံးစေပြီး လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် ဖြစ်စေ၊ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ရပ်အပေါ်ဖြစ်စေ၊ ဌာနဆိုင်ရာအဖွဲ့အစည်းတစ်ခုအပေါ် ဖြစ်စေ အပြုသဘောနှင့် ဝေဖန်သုံးသပ်ထောက်ပြရေးသားခွင့်ကို ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ သို့သော် အလေ့အကျင့်မရှိကြသေးသည့်အတွက် ယခုကဲ့သို့ လွတ်လပ်မှုနှင့် တာဝန်ယူမှုကို ယှဉ်တွဲကျင့်သုံးရာဝယ် စာပေလောကနှင့် ပုဂ္ဂလိကများ၊ အဖွဲ့အစည်းများအကြား ဝိရောဓိနှင့်အခက်အခဲများ ရှိနေသေးသည်ကိုလည်း သတိပြုမိပါကြောင်း၊ အချို့မီဒီယာသမားများအနေဖြင့် မိမိထင်မြင်ယူဆချက်များကို လွတ်လပ်စွာရေးသားခွင့်ရှိသည်ဆိုသော်လည်း စည်းမဲ့ကမ်းမဲ့လွတ်လပ်ချင်သလို လွတ်လပ်ပြီး ထိခိုက်ရေးသားမှုများကြောင့် အမှုအခင်းရင်ဆိုင်နေရသည့် အခြေအနေများလည်း ရှိနေပါကြောင်း။

မီဒီယာလောကအတွက် ယနေ့ဖြေလျှော့မှုများဆောင်ရွက်ပေးရာတွင် ယခင်စာပေစိစစ်ရေးမှူး(၂၁)ချက်မှ (၁၂)ချက်သို့ လျှော့ချပေးခဲ့ပါကြောင်း၊ ၎င်း(၁၂)ချက်သည်လည်း အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများအားလုံးတွင် ကျင့်သုံးနေသည့် စံနှုန်းများနှင့် သဘောတရားအတူတူပင်ဖြစ်ပါကြောင်း၊ ယနေ့ထုတ်ဝေလျက်ရှိသည့် ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်စာစောင်များကို အုပ်စုနှစ်စုခွဲခြားပြီး အုပ်စု(၁)ဖြစ်သည့် အနုပညာ သုတရသ၊ အားကစား၊ ကျန်းမာရေး၊ ကလေးနှင့်နည်းပညာစသည့် ဘာသာရပ် ငါးမျိုးကို စာပေစိစစ်ရေးမှူး(၁၂)ချက်အတွင်းမှ လွတ်လပ်မှုနှင့်တာဝန်ယူမှုကို ပူးတွဲကျင့်သုံးပြီး ထုတ်/တင်စနစ်ဖြင့် ဖြေလျှော့ပေးလျက်ရှိပါကြောင်း၊ ထုတ်/တင်စနစ်ဆိုသည်မှာ မိမိဘာသာအထက်ပါမူများနှင့်အညီ လွတ်လပ်စွာရေးသားထုတ်ဝေပြီးမှ စာပေစိစစ်ဌာနသို့ တင်ပြရသည့် စနစ်ဖြစ်ပါကြောင်း။

ထည့်သွင်းပေးမည်

အုပ်စု(၂)ဝင်ဖြစ်သော ကျန်ဘာသာရပ် ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်စာစောင်များကိုမူ စာပေစိစစ်ရေးမှူး(၁၂)ချက်အတွင်းမှ လွတ်လပ်မှုနှင့်တာဝန်ယူမှုကို ပူးတွဲကျင့်သုံးပြီး တင်/ထုတ် စနစ်အတိုင်း ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ တင်/ထုတ်စနစ်ဆိုသည်မှာ စာပေစိစစ်ဌာနသို့ စာမူကြမ်းများတင်ပြပြီး ခွင့်ပြုချက်ရမှ ထုတ်ဝေရသည့်စနစ်ဖြစ်ပါကြောင်း၊ သို့သော်လည်း "လွတ်လပ်မှုနှင့်တာဝန်ယူမှု" မူကိုကျင့်သုံးမှု ထိရောက်အောင်မြင်လာသည်နှင့်အမျှ အုပ်စု(၁)ဝင် စာစောင်များ ထုတ်/တင်စနစ် အသားကျသဟဇာတဖြစ်လာသည်နှင့်အမျှ အုပ်စု(၂)ထဲမှ စာအုပ်စာစောင်များကို အုပ်စု(၁) အတွင်း တစ်ဆင့်ပြီးတစ်ဆင့် ထည့်သွင်းပေးသွားမည်ဖြစ်ပါကြောင်း၊ နောက်ဆုံးတွင် ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်စာစောင်များအားလုံးသည် သတ်မှတ်ဥပဒေ၊ စည်းကမ်း၊ ကျင့်ဝတ်များအတွင်းမှ လွတ်လပ်စွာရေးသားထုတ်ဝေခွင့်ဖြစ်သည့် ထုတ်/တင်စနစ် ဖြစ်သွားမည်ဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

မိမိတို့နိုင်ငံတွင် စာပေစိစစ်ရေးအဖွဲ့ရှိသကဲ့သို့ အခြားကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း အလားတူစာပေများကို စိစစ်သည့်အဖွဲ့မျိုးရှိကြပါကြောင်း၊ မြန်မာနိုင်ငံတွင် လက်ရှိဥပဒေများ၊ တရားရုံးများရှိပြီးဖြစ်သော်လည်း စာပေစိစစ်ရေး၏ အခန်းကဏ္ဍမှာ လိုအပ်နေဆဲဖြစ်ပါကြောင်း၊ တရားရုံးတွင် ဥပဒေအရ ရင်ဆိုင်ရမည်ဆိုပါက မီဒီယာသမားများအတွက် ထိခိုက်နစ်နာမှု ပိုမိုကြီးမားနိုင်ပါကြောင်း၊ စာပေစိစစ်ရေးက ထိန်းကျောင်းရာတွင်မူ တစ်ခါတစ်ရံတွင် သတိပေးရုံနှင့်ပြီးနိုင်သကဲ့သို့ နှစ်ဖက်ညှိနှိုင်းပေးရုံမျှနှင့်လည်း ကိစ္စပြီးနိုင်ပါကြောင်း၊ ထို့ကြောင့် ယနေ့စာပေစိစစ်ရေးက တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် မသင့်မလျော်ရေးသားမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းပေးနေခြင်းသည် စာပေလောကသားများ၏ အကျိုး၊ ပြည်သူများ၏ အကျိုးအတွက် ဆောင်ရွက်ပေးနေခြင်းသာ ဖြစ်သည်ကို တွေ့နိုင်ပါကြောင်း။

ယှဉ်တွဲကျင့်သုံး

နောင်တစ်ချိန်တွင် မီဒီယာဆိုင်ရာဥပဒေများကို အတည်ပြုပြဋ္ဌာန်းပြီးပါက စာနယ်ဇင်းသမားများအနေဖြင့် မိမိတို့၏ထင်မြင်ယူဆချက်များကို အဆိုပါဥပဒေများနှင့်အညီ လွတ်လပ်မှုနှင့်တာဝန်ယူမှု၊ လွတ်လပ်မှုနှင့်ဆင်ခြင်တုံတရားတို့ကို ယှဉ်တွဲကျင့်သုံးပြီး ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ဦးသိန်းညွန့်၏အဆိုသည် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်နေပြီဖြစ်သည့် လုပ်ငန်းစဉ်များအတွင်း အကျုံးဝင်နေပြီ ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

မှတ်တမ်းတင်ကြောင်းဆုံးဖြတ်

အဆိုရှင်ဦးသိန်းညွန့်က ၎င်း၏အဆိုအား လွှတ်တော်က မှတ်တမ်းတင်ထားပေးပါရန်တင်ပြရာ ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ်(ခ) ဦးခမိုင်တန်က **တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုသတ္တုတွင်းဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အသေးစားသယံဇာတ ရှာဖွေတူးဖော်ရေးလုပ်ငန်းနှင့် ပတ်သက်သော လုပ်ငန်းခွင်လိုင်စင်ချမှတ်နိုင်ရေး** အဆိုနှင့်စပ်လျဉ်း၍ နောက်နောင်တွင် သင့်တော်သည့်အချိန်၌ ဆွေးနွေးခွင့်ရရှိရေး ယာယီဆိုင်းငံ့ပေးနိုင်ပါရန်နှင့် လွှတ်တော်က မှတ်တမ်းတင်ထားပေးနိုင်ပါရန်တင်ပြရာ ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်းဆုံးဖြတ်ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီအနေဖြင့် ဥပဒေနှင့်အညီ မည်ကဲ့သို့ဆောင်ရွက်၍ရမည်ကို စိစစ်လေ့လာဆောင်ရွက်ရန်ဖြစ်ကြောင်းနှင့် ယနေ့တက်ရောက်ကြသည့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌများကလည်း အလေးထားမှတ်သားပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးရှေးရှုကာ မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်၍ရမည်ကို မှတ်သားဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ညနေ ၄နာရီခွဲတွင်ရပ်နားပြီး အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို စက်တင်ဘာ(၈)ရက် နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ တောင်သူများအား ခေါ်ယူပြသ အသိပညာနှင့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များ လက်ဆင့်ကမ်းပေး

နေပြည်တော် စက်တင်ဘာ ၇

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်မှ လေ့လာရေး တောင်သူလယ်သမားများ၊ ကောက်စိုက်လုံမေများ စုစုပေါင်း ၃၅ ဦးအား ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ ရွှေ့ပြောင်းစက်မှုလယ်ယာစနစ် တစ်ကွင်းတစ်ဆက်တည်း စံပြဧက ၅၀၀ စိုက်ခင်းအတွင်း ဖြစ်ထွန်းအောင်မြင်နေသော အထူးအထွက်တိုး သိပ္ပံနည်းကျ စပါးစိုက်ခင်းများကို လိုက်လံရှင်းလင်း ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့လယ်ယာကဏ္ဍ ထုတ်လုပ်မှုမြင့်မားတိုးတက်ရေးတွင် ဆန်စပါး အလေအလွင့်မရှိရန်အတွက် ခေတ်မီစက်ကိရိယာများဖြင့် ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်း၊ အခြောက်ခံခြင်းအပြင် ရိတ်သိမ်းချိန်လွန်ကာလ ကြိတ်ခွဲထုတ်လုပ်ရောင်းချခြင်းများသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း။

ထွက်ခြေကိုက်လာမည်

ဆန်စပါး ရိတ်သိမ်းကြိတ်ခွဲရာတွင် ကျိုးကြေလေလွင့်မှုများကြောင့် အရည်အသွေးနိမ့် ဈေးကောင်းမရခြင်းဖြစ်သည့်အတွက် ရိတ်သိမ်းချိန်မှစ၍ အလေအလွင့် နည်းသည်ထက်နည်းအောင် ခေတ်မီရိတ်သိမ်း ခြွေလှေ့စက်များသုံးရန် လိုအပ်ကြောင်း၊ အစိုဓာတ်လျော့နည်းစေရန်အခြောက်ခံစက်များတည်ဆောက်သုံးစွဲခြင်းဖြင့် အရည်အသွေးမြင့်မားသော ဆန်၊ အထွက်နှုန်းမြင့်မားသော ဆန်စပါး ရရှိလာပြီး တောင်သူများလည်း တွက်ခြေကိုက်လာမည် ဖြစ်ကြောင်း။

လက်ဆင့်ကမ်းပေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့် တောင်သူများအတွက် အမှန်တကယ် အရည်အသွေးမြင့်ပြီး ဈေးကွက်ဝင်ကာ စားသုံးမှုအရည်အသွေး (Eating Quality) ကောင်းမွန်သော မျိုးများကို ရွေးချယ်ပြီး စပါးမျိုးစေ့ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ စိုက်ပျိုးရေး နည်းပညာပေးခြင်းနှင့် လေ့ကျင့်သင်ကြားခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် တာဝန်ကို ထမ်းဆောင်နေသည့်အတွက် ယခုကဲ့သို့ လေ့လာရေး တောင်သူများအား ခေါ်ယူပြသခြင်းဖြစ်ကြောင်း၊ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခြင်းမှ မိမိဝန်းကျင် တောင်သူလယ်သမားများအား အသိပညာ၊ နည်းလမ်းများ၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များ လက်ဆင့်ကမ်းပေးကြရန် မှာကြားလိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် စံပြစိုက်ပျိုးပြသထားရှိသည့် အထူးအထွက်တိုး သိပ္ပံနည်းကျစိုက်ခင်းအတွင်းရှိ သန်မာထွားကျိုင်းသည့် ပင်ပွားအရေအတွက်၊ အောင်နှံပါ ပင်ပွားအရေအတွက်၊ တစ်နှံပါ အောင်စေ့များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်မှ လေ့လာရေး တောင်သူလယ်သမားများ၊ ကောက်စိုက်လုံမေများအား ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ ရွှေ့ပြောင်းစက်မှုလယ်ယာစနစ် တစ်ကွင်းတစ်ဆက်တည်း စံပြဧက ၅၀၀ စိုက်ခင်း၌ ရှင်းလင်းပြသစဉ်။
(သတင်းစဉ်)

လွယ်ကူစွာဆောင်ရွက်

ထို့နောက် လေ့လာရေးအဖွဲ့များသည် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာ ဘိုနီကြီးကွင်းရှိ စံပြစက်မှု လယ်ယာ ဟက်တာကွက် အကွက် ၂၀ ဖော်ထုတ်၍ မြေယာပြုပြင်နေမှုများကို ကြည့်ရှုလေ့လာကြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက သမားရိုးကျလယ်မြေများမှသည် ကုန်ထုတ်လမ်း၊ ရေထုတ်မြောင်း၊ လယ်ကြားမြောင်း၊ ဆည်ရေသောက်စနစ်များနှင့် စက်ယန္တရားကြီးများ ဝင်ထွက်နိုင်သည့် ဟက်တာကွက်များဖြင့် ဖော်ထုတ်ပြုပြင်၍ တောင်သူများက နည်းပညာအသုံးချလျက် စက်မှုလယ်ယာစနစ် လွယ်ကူစွာဆောင်ရွက်နိုင်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် လေ့လာရေးအဖွဲ့သည် အောင်သုခကျေးရွာ တောင်သူပညာပေး ၁၀ ဧကစိုက်ခင်း၌ ပေါင်စနစ်ဖြင့် ပျိုးထောင်ပြီး ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စပါးစိုက်ပျိုးပြီးစီးမှု၊ သွင်းအားစု၊ ဓာတ်မြေဩဇာသုံးစွဲမှု၊ ပိုးမွှားကင်းထောက် မှတ်တမ်းယူနေမှုတို့ကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် လမ်း၊ တံတားများပေါ်တွင် ဖြတ်သန်းသွားလာသော ကုန်တင်ယာဉ်ကြီးများ အာဆီယံ စံချိန်စံညွှန်းနှင့်အညီ ဖြတ်သန်းသွားလာမှုအလေ့အကျင့်ရှိအောင် ပညာပေးဆောင်ရွက်လျက်ရှိ

■ *ကျော်ဖုံးမှ*

ဇလွန်မြို့၏ မြစ်ညာဘက်တွင် ရေလမ်းကြောင်းပြောင်းလဲမှုကြောင့် ၁၉၉၄ ခုနှစ်မှ စတင်၍ ကမ်းပြိုမှုများဖြစ်ပေါ်ခဲ့ပါကြောင်း၊ ကမ်းပြိုမှုဖြစ်ပေါ်ရခြင်းအကြောင်းရင်းများမှာ မြို့သည် မြစ်ကွေး၏အပြင်ဘက်ခြမ်းတွင်တည်ရှိနေသဖြင့် ရေများချိန်အောက်ခြေလှိုက်စားခံရခြင်း၊ ရေစီးပွတ်တိုက်မှုဒဏ်ကိုခံရခြင်း၊ မြို့၏ကမ်းပါး မြေသားများမှာတိုက်စားလွယ်သည့် သဲနုန်းဆန်သော မြေသားများ ဖြစ်ခြင်း၊ ရေများချိန်နှင့် ရေနည်းချိန်၌ရေမျက်နှာပြင်ကွာဟမှုများပြားပြီး ကမ်းပါးစောက်များ ဖြစ်ပေါ်နေခြင်းတို့ကြောင့် ဖြစ်ပါကြောင်း။

ယင်းအချက်များကြောင့် ရေများချိန်ကာလများတွင် ရေစီးအားကြောင့် ကမ်းပြိုနိုင်သကဲ့သို့ မြစ်ရေရုတ်တရက် ပြန်လည်ကျဆင်းသည့်ကာလတွင်လည်း မြေတွင်းအောင်းရေ စိမ့်ထွက်မှုကြောင့် ကမ်းပါးပြိုမှုများဖြစ်ပေါ်လေ့ရှိပါကြောင်း။

ဇလွန်မြို့ ရေကြီးမှုနှင့်ကမ်းပြိုမှုကာကွယ်ရေးအတွက် နန်းတော်ကျွန်းရေလမ်းဖွံ့ဖြိုးတိုးတက်လာစေရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းကြောင်း ပြုပြင်ရေးလုပ်ငန်းများဖြစ်သည့် Geotube(၁၆)ခုချထားခြင်း၊ (၉၁၆)မီတာရှိ မျောတိုင်တိုင်း ရေကာတည်ဆောက်ခြင်း၊ အလျားမီတာ(၁၃၂၀)ရှိ သောင်တူးခြင်း စသည့်လုပ်ငန်းများကို ၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်းငွေကျပ် (၆၄ ဒသမ ၉၀)သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဇလွန်မြို့ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် မီတာ(၁၃၀)ကျောက်စီရေကာတာ၊ (၈၈)မီတာ မြေထိန်းနံရံ၊ (၄၅)မီတာ Polyfelt သဲဖြည့်ရေကာ၊ ပေ(၂၂၀) Steel Basket ကမ်းထိန်းနံရံနှင့်ရေလွှဲရေကာ၊ ပေ(၂၀၀) Willow Mattress အခြေပြု Steel Basket နှင့်ပေ(၃၃၀)သဲအိတ်စီ သဲမွေ့ရာအုပ်ကမ်းထိန်း ရေကာတည်ဆောက်ခြင်းနှင့် ပေ(၁၀၀) မြစ်ကမ်းထိန်းခြင်းတို့ကို ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်း ငွေကျပ် (၂၈၁ ဒသမ ၇)သန်းအကုန်အကျခံဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ကြောင့် ၁၉၉၉-၂၀၀၀ မှ ၂၀၁၀ -၂၀၁၁ အထိ စုစုပေါင်း ကျပ် (၃၄၆ ဒသမ ၆)သန်း ကုန်ကျခံဆောင်ရွက်ပြီး ဖြစ်ပါကြောင်း။

မြစ်တို့၏ သဘောသဘာဝမှာ မြစ်ညာဘက်ရေလမ်းကြောင်း ပြောင်းလဲမှုပေါ်မူတည်၍ အောက်ဘက်တွင် ပြောင်းလဲတတ်သည့်သဘောရှိပါကြောင်း၊ မြစ်ကွေး (Meandering Pattern) ပုံစံမှာလည်း မြစ်ညာဘက်တွင် ဆက်စပ်၍ဖြစ်ပေါ်တတ်သောသဘောရှိသဖြင့် သဘာဝကိုဆန့်ကျင်ဆောင်ရွက်ရခြင်း၊ ရေလမ်းထိန်းအဆောက်အအုံများနှင့် သောင်တူး၍ဆောင်ရွက်ရသည့် လုပ်ငန်းပမာဏများပြားခြင်းနှင့် ကုန်ကျစရိတ်များပြားခြင်းတို့ကြောင့် မြစ်ကြောင်းပြောင်းလဲမှု ပြုပြင်ခြင်းလုပ်ငန်းကို အပြည့်အဝဆောင်ရွက်ရန် အခက်အခဲရှိပါကြောင်း။

ဇလွန်မြို့နယ် ရေဘေးကာကွယ်ရေးအတွက် တာများတည်ဆောက်ထားရာ ဆန်တန်းတာ (ဧရာဝတီ-ဟသ်ာတတာ)သည် ဧရာဝတီမြစ် ရေဘေးကာကွယ်ရေးတာတမံဖြစ်ပြီး တာမိုင်အမှတ် (၂၅/၁)မှ (၂၅/၃)အတွင်း တည်ရှိပါကြောင်း၊ တာတမံပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနကဆောင်ရွက်ပြီး တာမိုင် (၂၅/၁) မှ (၂၅/၃)ဆန်တန်းတာတွင် မြေကာ တုတ်တန်းရိုက်ခြင်းနှင့် နုန်းဖမ်းတန်းရိုက်ခြင်းကိုလည်းကောင်း၊ တာမိုင် (၂၅/၅)တွင် မြေကာ တုတ်တန်းရိုက်ခြင်းကိုလည်းကောင်း ယခုနှစ် ဧပြီလမှ မေလအတွင်း ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ထို့အပြင် နှစ်စဉ်ပွင့်လင်းရာသီ၌ မြေပြင်တိုင်းတာစစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်၍ တာတမံ၏အားနည်းသည့် နေရာများတွင် တာပုံစံကျ ပြုပြင်ရန်နှင့် တာတမံတောင့်တင်းခိုင်မာအောင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး လက်ရှိကမ်းရင်းတာဖြစ်သော ဆန်တန်းတာ၏အနောက်ဘက် ပေ(၁၂၀၀)ခန့်အကွာတွင် အလျားပေ(၃၁၀၀)ရှိသော ဦးသီလပန်းတာကို အရံအတားအဖြစ် ၁၉၉၃ ခုနှစ်ကတည်းက ကြိုတင်တည်ဆောက်ထားပြီးဖြစ်ပါကြောင်း။

လုပ်ငန်းပမာဏများပြား

ရေတိုက်စားမှုကာကွယ်ရေးအတွက် ဆောင်ရွက်ရမည့်အလျားမှာ ဇလွန်မြို့အထက် အိုးဘိုရွာမှ ဇလွန်မြို့အောက်ဘက်အထိ အလျား (၅ ဒသမ ၉)မိုင်ခန့် ဖြစ်ပါကြောင်း၊ မြို့အထက်ဘက် ဒေါင့်ကြီးကျေးရွာအနီးမှစတင်၍ ရေလမ်းကြောင်းပြောင်းလဲရန် ရေလမ်းထိန်းအဆောက်အအုံများ၊ ဇလွန်မြို့ကမ်းပါးများတစ်လျှောက် မြေထိန်းတမံများ(Stone Revetment) တည်ဆောက်ရန် လိုအပ်မည်ဖြစ်ရာ လုပ်ငန်းပမာဏများပြားပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင်ရရှိသော ခွင့်ပြုရန်ပုံငွေဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇလွန်မြို့၊ နန်းတော်ကျွန်း ကူးတို့ဆိပ်၌ သံခြင်းအခြေပြု ကမ်းထိန်းရေကာ အလျား (၂၈၅)ပေအတွက် ရန်ပုံငွေကျပ် သန်း(၅၀) ဖြင့် လုပ်ငန်းဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း။

စီမံချက်ချမှတ်

ဇလွန်မြို့ ရေဘေးကာကွယ်ရေးနှင့် ရေလမ်းကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းမှာ လုပ်ငန်းပမာဏကြီးမားခြင်း၊ မြစ်ရေလမ်းကြောင်းပြောင်းလဲမှု အခြေအနေအပေါ် မူတည်၍ ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ခြင်းတို့ကြောင့် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ပြီး ရန်ပုံငွေခွဲဝေ ရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့်ဗန်းမော်မြို့မှ ရန်ကုန်မြို့အထိ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့များအား မြစ်ရေတိုက်စားမှုမှကာကွယ်ရန် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၆)ဦးတို့က ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ မေးခွန်းများကိုမေးမြန်းကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ဖြေကြားသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးဟန်လင်းက **“ပုသိမ်-မော်တင်ကားလမ်းပေါ်ရှိ ငရုတ်ကောင်းတောင်မှ ငရုတ်ကောင်းမြို့နယ်ခွဲသို့ သွားသည့် ငရုတ်ကောင်းတောင်-ငရုတ်ကောင်းကားလမ်း မိုင်(၂၀)ခန့်အား ရာသီမရွေးသွားလာနိုင်ရန် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်မြို့နယ်ရှိ ငရုတ်ကောင်းတောင်ရွာနှင့် ငရုတ်ကောင်းမြို့နယ်ခွဲသို့ ဆက်သွယ်ဖောက်လုပ်ထားသည့်လမ်းသည် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းပေါ်ရှိ မိုင်တိုင် ၅၄/၃(ငရုတ်ကောင်းတောင်ရွာ)မှစ၍ ငရုတ်ကောင်းမြို့နယ်ခွဲအထိ အရှည်မိုင်(၂၀)ခန့် ရှိပါကြောင်း၊ လမ်းအခြေအနေမှာ ပျမ်းမျှ(၁၄)ပေအကျယ်ခန့် မြေသားလမ်းဖြစ်ပြီး ယင်းလမ်း၏ လမ်းအူကြောင်း အခြေအနေနှင့် ရွာသွန်းသည့်မိုးရေချိန်ပမာဏ များပြားသည့်အတွက် နှစ်စဉ်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် တစ်ကြောင်းထိုးလမ်း ပြန်လည်ဖောက်လုပ်ခဲ့ပြီး ပွင့်လင်းရာသီသွားလမ်းအဖြစ်သာ အသုံးပြုလျက်ရှိပါကြောင်း။

ပြန်လည်ဖြေကြား

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

၁၉၉၀ ခုနှစ်မှစ၍ ဒေသဖွံ့ဖြိုးရေးလမ်းအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍လည်းကောင်း၊ ၁၉၉၅-၁၉၉၆ ဘဏ္ဍာရေးနှစ်မှ ၁၉၉၇-၁၉၉၈ ဘဏ္ဍာရေးနှစ်အထိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရန်ပုံငွေချမှတ်၍လည်းကောင်း၊ ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်အထိ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ရန်ပုံငွေများချမှတ်၍လည်းကောင်း၊ ၂၀၀၉-၂၀၁၀ ၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်များတွင် ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့်လည်းကောင်း ပွင့်လင်းရာသီတွင် အသုံးပြုနိုင်ရန် တစ်ကြောင်းထိုးလမ်း ဆောင်ရွက်ခဲ့ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွှန့်လှိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးဟန်လင်း မေးမြန်းစဉ်။ (သတင်းစဉ်)

အဆိုပါလမ်းမှာ ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ ဖောက်လုပ်ထားသည့်လမ်းဖြစ်သည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းမဟုတ်သည့်အတွက် လတ်တလောအဆင့်မြှင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှိုင်ဦး၏ **“ လပွတ္တာမြို့နယ်မှ မြောင်းမြမြို့နယ်သို့သွားလာနိုင်သည့် လပွတ္တာ-မြောင်းမြကားလမ်း(၄၂)မိုင်ကို နိုင်ငံတော်က ဆောက်လုပ်ပေးခဲ့သော်လည်း ကျောက်ခင်းလမ်းအဆင့်သာရှိသဖြင့် မိုးရာသီတွင် သွားလာနိုင်ရန်အတွက် ခက်ခဲပါကြောင်း၊ ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းအဆင့်မြှင့်တင်ပေးနိုင်ပါရန်နှင့် မည်ကဲ့သို့ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လပွတ္တာ-မြောင်းမြလမ်းသည် လပွတ္တာမြို့မှ မြောင်းမြမြို့၊ မြောင်းမြကြိုးတံတားထိပ်အထိ စုစုပေါင်း (၄၆)မိုင် (၂)ဖာလုံရှည်လျားသော ခရိုင်မြို့ချင်းဆက်လမ်းဖြစ်ပါကြောင်း၊ ၃၁-၅-၂၀၁၁ ရက်နေ့အထိလမ်းအခြေအနေမှာ ကတ္တရာလမ်း(၁၃)မိုင်၊ ကျောက်လမ်း(၁၅)မိုင်(၂)ဖာလုံ၊ အမာခံလမ်း(၁၇)မိုင် (၆)ဖာလုံနှင့် ပင်လယ်လေးတံတား(၂)ဖာလုံဖြစ်ပါကြောင်း။

၁၉၉၄ ခုနှစ်တွင် လပွတ္တာမြို့နယ်မှ ပင်လယ်လေးမြစ်၊ ကံကော်ကုန်းကျေးရွာအထိ (၂၁) မိုင်(၆)ဖာလုံအား တစ်ကြောင်းထိုးလမ်းအဖြစ် စတင်ဖောက်လုပ်ခဲ့ပါကြောင်း၊ ထိုမှ ပင်လယ်လေးမြစ်ကို ဇက်ယာဉ်ဖြင့် မြောင်းမြဘက်ကမ်းကူး၍ ယခင်ရှိပြီး တစ်ကြောင်းထိုးလမ်းဖြင့် မြောင်းမြမြို့သို့ သွားရောက်ခဲ့ရပါကြောင်း၊ ၁၉၉၆ခုနှစ်တွင် မြောင်းမြကြိုးတံတား တည်ဆောက်ဖွင့်လှစ်ပြီးနောက် လပွတ္တာ-မြောင်းမြလမ်းအား လမ်းအကျယ်ချဲ့ခြင်း၊ မြေသားလမ်းမှအမာခံလမ်း အဆင့်မြှင့်တင်ခြင်းများကို နှစ်စဉ်စီမံချက်ချ အဆင့်ဆင့်ဆောင်ရွက်အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ၁၉၉၈ ခုနှစ်တွင် လပွတ္တာတံတား(ပင်လယ်လေး)ကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးချိန်မှစ၍ ရာသီမရွေးသွားလာနိုင်သည့်လမ်းအဖြစ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ခွဲဝေရရှိသည့် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လပွတ္တာခရိုင်အဖွဲ့၊ မြောင်းမြခရိုင်အဖွဲ့နှင့် လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၂)ဖွဲ့တို့က လမ်းအရှည်(၂)မိုင်(၄)ဖာလုံအား မူလအမာခံလမ်းမှ ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် ကျောက်ဖြူချောင်းတံတားပေါ်တွင် ပေ(၇၀)ရှည် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့်လည်း အရှည်(၄)မိုင်ရှိ ကတ္တရာလမ်းချိုင့်များအား ကျောက်ဖြည့်ခင်းကြိတ်ပြီး ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အရှည်(၁၅)မိုင်ရှိ ကျောက်လမ်းချိုင့်များအား ကျောက်ဖြည့်ခင်း၍ ဂဝံဖြင့် အပွန်းခံလွှာတင်ခင်းကြိတ်ပြုပြင်ခြင်းနှင့် အရှည်(၂၂)မိုင်ရှိ လမ်းပခုံးများအား မြေညှိစက်ဖြင့် ညှိခင်းကြိတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကုန်တွင် ကတ္တရာလမ်းအဆင့် (၁၅)မိုင်(၄)ဖာလုံ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေများ တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

တစ်ပြိုင်တည်းဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးမောင်မောင်အေးက **“ဘိုကလေး-စက်ဆန်း-အမာ ကားလမ်းပေါ်၌ တံတားများဆောက်လုပ်လျက်ရှိရာ အဓိကကျသော ပတ္တမြားကုန်းကျေးရွာနှင့် သာဖြန်ကျေးရွာကြားရှိ သက်ချောင်းအား ဖြတ်ကူးရန်အတွက် သက်ချောင်းကူးတံတားအား ပွင့်လင်းရာသီတွင် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်အားသိလိုပါကြောင်း”** မေးမြန်းရာ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်အတွင်းရှိ လမ်းအရှည်(၃၈)မိုင်(၅)ဖာလုံရှိသော ဘိုကလေး-စက်ဆန်း-အမာလမ်းအား ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ဝင်လမ်းအမှတ်(၆)အဖြစ်သတ်မှတ်၍ ၂၀၀၈ ခုနှစ်တွင်စတင်ဖောက်လုပ်ခဲ့ပြီး ချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါလမ်းတွင် တံတား(၁၆)စင်း တည်ဆောက်ရန်ရှိသည့်အနက် (၁၁)စင်း တည်ဆောက်ပြီးစီးပြီဖြစ်ပါကြောင်း၊ တည်ဆောက်ဆဲတံတား(၂)စင်းရှိပြီး သက်ချောင်းတံတားအပါအဝင် တံတား (၃)စင်း တည်ဆောက်ရန်ကျန်နေပါကြောင်း၊ တည်ဆောက်ဆဲ တံတား(၂)စင်းဖြစ်သည့် (၁၉၀၁) ပေရှည် စက်ဆန်းချောင်းတံတားနှင့်(၅၄၆)ပေရှည် လိပ်ချောင်းတံတားတို့ကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း ရရှိရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

တည်ဆောက်ရန်ကျန်တံတား(၃)စင်းမှာ အရှည်ပေ(၂၁၀၀)ရှိ သက်ချောင်းတံတား၊ အရှည်ပေ(၁၆၀၀)ရှိ ပသီချောင်းတံတားနှင့် အရှည်ပေ(၁၃၀၀)ရှိ ကမာဟောက်ချောင်းတံတားတို့ဖြစ်ပါကြောင်း၊ ဤတံတား(၃)စင်းအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေရရှိခြင်း မရှိသေးပါကြောင်း။

ဘိုကလေး-စက်ဆန်း-အမာလမ်းပေါ်ရှိ ပတ္တမြားကုန်းကျေးရွာနှင့် သာဖြန်ကျေးရွာကြား မိုင် (၈/၄) တွင်ရှိသည့် သက်ချောင်းတံတားကိုတည်ဆောက်ရန် အကြိုအင်ဂျင်နီယာလုပ်ငန်းများဖြစ်သည့် တံတားအူကြောင်းရွေးချယ်ခြင်း၊ မြေစမ်းသပ်ခြင်း၊ ပုံထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံ၍ လုပ်ငန်းများဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အလေ့အကျင့်ကောင်း

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော်(ခ)ကိုပေါက်က **“ရန်ကုန်-မကွေး ပြည်ထောင်စုလမ်းမကြီးကို ယခင်က မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က တာဝန်ယူခဲ့ပြီး ယခု မက်(စ်)ကုမ္ပဏီက B.O.T စနစ်ဖြင့် တာဝန်ယူထားပါကြောင်း၊ အာဆီယံစံချိန်စံညွှန်းနှင့်အညီ မော်တော်ယာဉ်များ တန်ပိုမတင်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ Toll Gate၌ ကတ္တားဖြင့် တန်ပိုစစ်ဆေးရာ၌ နေ့ပိုင်းတွင် စည်းကမ်းနှင့်အညီဆောင်ရွက်ပြီး ညပိုင်းတွင် တန်ပိုယာဉ်များအား ငွေကြေးဖြင့်ညှိနှိုင်း၍ လမ်းဖြတ်သန်းခွင့်ပြုနေခြင်းကို သိ/မသိနှင့် ယင်းကိစ္စအပေါ် မည်သို့ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်း၍မေးမြန်းရာ ရန်ကုန်-ပြည်-မကွေး ပြည်ထောင်စုလမ်းမကြီးသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့မှ မကွေးတိုင်းဒေသကြီး မကွေးမြို့ထိ (၃၄၀) မိုင် (၂ ဒသမ ၅) ဖာလုံရှိပါကြောင်း၊ အဆိုပါလမ်းမကြီးကို မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်က B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေရာမှ ယခုအခါ မက်(စ်)မြန်မာကုမ္ပဏီမှ လွှဲပြောင်းတာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ တိုက်ကြီး Toll Gateတွင် မက်(စ်) မြန်မာကုမ္ပဏီမှ လမ်းဖြတ်သန်းခကောက်ခံသောအဖွဲ့နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်း-တံတားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဟူ၍ (၂)ဖွဲ့ရှိပါကြောင်း၊ လမ်း-တံတားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့သည် တိုက်ကြီးမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့မှ မြို့နယ်အင်ဂျင်နီယာရုံး ဝန်ထမ်းများနှင့်ပူးပေါင်း၍ တိုက်ကြီး Toll Gate ကတ္တားပေါ်သို့ ကုန်တင်ယာဉ်များ ဖြတ်သန်းသည့်အခါ အာဆီယံစံချိန်စံညွှန်းနှင့်အညီ(ကုန်+ယာဉ်) ဖြတ်သန်းသွားလာရေးကို ကြပ်မတ်စစ်ဆေးလျက်ရှိပြီး သတ်မှတ်တန်ချိန်ထက် တန်ပိုတင်ဆောင်သွားလာမှု မရှိစေရေးတာဝန်ကို ထမ်းဆောင်လျက်ရှိပါကြောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် လမ်း-တံတားများပေါ်တွင် ဖြတ်သန်းသွားလာသော ကုန်တင်ယာဉ်ကြီးများကို ၂၀၀၉ ခုနှစ် စက်တင်ဘာလမှစတင်ကာ အာဆီယံ စံချိန်စံညွှန်းနှင့်အညီ ကုန်တင်ယာဉ်ကြီးများဖြတ်သန်းသွားလာမှု အလေ့အကျင့်ရှိအောင် ပညာပေးခြင်း၊ ယာဉ်မောင်းများနှင့်တွေ့ဆုံ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကုန်တင်ယာဉ်အသင်းအဖွဲ့များသို့ သွားရောက်ဆွေးနွေးရှင်းလင်းခြင်းနှင့် ကတ္တားရှိသော Toll Gate များတွင် လမ်း-တံတားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက ကြပ်မတ်ထိတွေ့ပညာပေးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် လာမည့်၂၀၁၅ ခုနှစ်တွင် အာဆီယံနိုင်ငံများအတွင်း ကုန်စည်ပို့ဆောင်မှုစတင်ရာ၌ ကုန်တင်ယာဉ်ကြီးများအနေဖြင့် အလေ့အကျင့်ကောင်း ရရှိစေရန် ကြိုတင်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

တိုက်ကြီး Toll Gate၌ မက်(စ်)မြန်မာကုမ္ပဏီမှ ဂိတ်ဖြတ်သန်းခကို သတ်မှတ်နှုန်းဖြင့် ကောက်ခံလျက်ရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း-တံတားလုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ဦးစီးအရာရှိနှင့်အဖွဲ့ဝင်များသည် တန်ပိုကားကြီးများ တန်ပိုမတင်ဆောင်ရေး၊ အာဆီယံစံချိန်စံညွှန်းနှင့်အညီ ကုန်တင်ဆောင်ရေးတို့ကို နေ့အချိန်၊ ညအချိန် ဖြတ်သန်းသွားလာသည့် ကုန်တင်ယာဉ်ကြီးများအား အမြဲမပြတ် ထိတွေ့လျက် ပညာပေးခြင်း၊ သတိပေးခြင်း၊ နောင်တန်ပိုမတင်ဆောင်ရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးစေခြင်း၊ ယာဉ်ပိုင်ရှင်များသို့ ၎င်းတို့၏ ကုန်တင်ယာဉ်ကြီးများ တန်ပိုတင်ဆောင်ဖြတ်သန်းကြောင်း တယ်လီဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ယခုကဲ့သို့ အာဆီယံစံချိန်စံညွှန်းနှင့်အညီ ကုန်တင်ဆောင်စေရေးအတွက် လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များထံမှ ငွေကြေးတစ်စုံတစ်ရာမပေးရကြောင်း ဝန်ခံလက်မှတ်များရေးထိုးထားရှိပြီး တာဝန်ထမ်းဆောင်လျက်ရှိကြပါကြောင်း။

အဆိုပါ တိုက်ကြီးToll Gate တွင် ညအချိန် တန်ပိုယာဉ်ကြီးများအား အခကြေးငွေဖြင့် ညှိနှိုင်း၍ ဖြတ်သန်းခွင့်ပြုနေကြောင်း တင်ပြချက်အပေါ် စစ်ဆေးရေးအဖွဲ့က နတ်တလင်းမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံး၌ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ (၂၂)ရက် ည (၇)နာရီ မိနစ်(၂၀)အချိန်မှ ည (၁၂)နာရီအချိန်ထိ တာဝန်ရှိသူများနှင့် ယာဉ်ပိုင်ရှင်များအား တွေ့ဆုံဆွေးနွေး စစ်ဆေးခဲ့ပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

8-9 (06).pmd 1 9/8/2011, 2:25 AM

စာမျက်နှာ ၆ မှ

စစ်ဆေးရေးအဖွဲ့မှ တိုက်ကြီးToll Gate တွင် တာဝန်ထမ်းဆောင်သော မက်(စ်)မြန်မာကုမ္ပဏီမှ ဝန်ထမ်း(၃၃)ဦးနှင့် လမ်း-တံတားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ဦးစီးအရာရှိနှင့် အမှုထမ်း(၁၂)ဦးတို့အား ညအချိန် တိုက်ကြီး Toll Gate မှ ရန်ကုန်မြို့သို့ တန်ပိုယာဉ်များ ဖြတ်သန်းသွားလာရာတွင် ငွေပေးရခြင်း ရှိ/မရှိ စုံစမ်းစစ်ဆေးရာ ငွေပေး/ငွေယူဖြင့် သွားလာခြင်းမရှိကြောင်းကို တွေ့ရှိရပါကြောင်း။

ရှင်းလင်းဖြေကြား

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးToll Gate ၌ အာဆီယံစံချိန်စံညွှန်းနှင့်အညီ တန်ပိုစစ်ဆေးနေသော မက်(စ်)မြန်မာကုမ္ပဏီနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်း-တံတား လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့သည် နေ့အချိန်၊ ညအချိန်များတွင် စည်းကမ်းစနစ်တကျ တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်းနှင့် ညအချိန်တန်ပိုယာဉ်များအား ငွေကြေးနှင့်ညှိနှိုင်း၍ လမ်းဖြတ်သန်းခွင့်ပြုနေသည်ဆိုခြင်းမှာ မှန်ကန်မှုမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဌေးနိုင်၏ **"မြောင်းမြခရိုင်အတွင်းရှိ ရွှေလောင်း-ဝါးခယ်မ-ကျုံမငေးကားလမ်းကို ၁၉၉၀ ခုနှစ်တွင် ပြည်သူလူထုလုပ်အားဖြင့် ကိုယ့်အားကိုယ်ကိုးလမ်းဖောက်လုပ်ခဲ့ပြီး အရှည်မိုင်(၂၈)မိုင် (၆)ဖာလုံရှိကာ ပေ(၁၀၀)ခန့်ရှိ တံတား (၃)စင်းရှိပါကြောင်း၊ ဝါးခယ်မမှရွှေလောင်းထိ လမ်းအရှည်(၂)မိုင်ခန့်သာ ကတ္တရာလမ်းဖြစ်ပြီး ကျန်အပိုင်းမှာ ကျောက်ကြမ်းလမ်းအဆင့်သာရှိပါသဖြင့် ရွှေလောင်း-ဝါးခယ်မ-ကျုံမငေး ကားလမ်းအားသွားလာရန် လွယ်ကူပြီး ဒေသဖွံ့ဖြိုးမှုအတွက် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ရွှေလောင်း-ဝါးခယ်မ-ကျုံမငေးလမ်းသည် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်ရှိ ရွှေလောင်းမြို့နှင့် ဝါးခယ်မမြို့၊ ကျုံမငေးမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူထိန်းသိမ်းလျက်ရှိသည့် လမ်းဖြစ်ပါကြောင်း၊ လမ်းအရှည် (၂၈)မိုင် (၅)ဖာလုံရှိပြီး ၃၁-၅-၂၀၁၁ ရက်နေ့အထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း(၂)မိုင်၊ ကျောက်လမ်း (၁၁)မိုင် (၅)ဖာလုံနှင့် အမာခံလမ်း(၁၅)မိုင်ဖြစ်ပါကြောင်း။

ရာသီမရွေးသွားလာနိုင်

ယင်းလမ်းမပေါ်ရှိ ပေ(၁၉၀၀)ရှည် ရွှေလောင်းတံတား၊ ပေ(၃၀၂၀)ရှည်ဝါးခယ်မတံတား၊ ပေ(၂၂၀)ရှည်လမ်းသမိုင်တံတား စသည့် သံကူကွန်ကရစ်တံတား(၃)စင်းနှင့် ကျုံစိန်တံတား၊ ဘိုဘေးတံတား၊ ပိုက်တန်းတံတား၊ ငှက်ကျတံတားစသည့် ပေ (၁၀၀) အထက်သစ်သားတံတား (၄)စင်း တည်ဆောက်ပြီးဖြစ်ပါကြောင်း၊ အမာခံလမ်း၊ ကျောက်လမ်းအဆင့် တည်ဆောက်ပြီးဖြစ်သည့်အတွက် ရာသီမရွေးသွားလာနိုင်သည့်လမ်း ဖြစ်ပါကြောင်း၊ မိုးများသောဒေသဖြစ်၍ အောက်ခံတာပေါင်မြေသားနိမ့်ကျခြင်း၊ နှစ်စဉ် မိုးတွင်းကာလတွင် လမ်းနိမ့်ကျ၍ ပျက်စီးမှုများ ဖြစ်ပေါ်တတ်ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မူလကျောက်လမ်းအား (၁၂)ပေ အကျယ် ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်း(၂)ဖာလုံ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့်လည်း ကျောက်လမ်း(၁၃)မိုင်အား ကျောက်ရောမြေကျောက်စရစ်ဖြန့်ခင်းခြင်း၊ တံတား(၁၀)စင်း၏အတက်အဆင်းလမ်း ကျောက်ဖြည့်ကြိတ်ခြင်း၊ သစ်သားတံတား (၄)စင်း၏ ဆွေးမြည့်နေသည့် ကြမ်းခင်း၊ ဘီးလမ်း၊ ရက်မ၊ လက်ရန်းများပြင်ဆင်ခြင်း၊ ရွှေလောင်းတံတားနှင့် ဝါးခယ်မတံတားတို့အား ဆေးသုတ်ခြင်းနှင့် လမ်းသမိုင်တံတား သံမဏိဆွဲကြိုးလဲလှယ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်စီမံကိန်းလမ်းများကို နှစ်စဉ်ရန်ပုံငွေများ တင်ပြတောင်းခံပြီး အဆင့်မြှင့်တင်ဆောင်ရွက်လျက် ရှိပါကြောင်း၊

ရွှေလောင်း-ဝါးခယ်မ-ကျုံမငေးကားလမ်းမှာ ဒေသတွင်း အဓိကဆက်သွယ်ရေးလမ်းဖြစ်သည့်အတွက် နှစ်စဉ်လမ်း-တံတား ငွေလုံးငွေရင်းရန်ပုံငွေနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေများ တောင်းခံပြီး ရရှိရန်ပုံငွေများဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လျင်မြန်ချောမွေ့စေရေး

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုးဝင်း၏ **"သာပေါင်းမြို့သည် ယခင်က ရေလမ်းခရီးသာအသုံးပြု၍ ပုသိမ်မြို့နှင့် ငါးသိုင်းချောင်းမြို့တို့သို့ သွားလာရပါကြောင်း၊ ယခုအခါ သာပေါင်း-ပုသိမ်ကားလမ်း ဖောက်လုပ်ထားပြီးဖြစ်သဖြင့် ကားဖြင့်သွားလာနိုင်သော်လည်း လမ်းများပျက်စီး၍ ပုသိမ်မြို့သို့သွားရောက်သည့် ခရီးသည်ယာဉ်များသည် (၃)နာရီကျော်ကြာ မောင်းနှင်ပြီးမှ ရောက်ရှိပါကြောင်း၊ ဆက်သွယ်သွားလာမှု လျင်မြန်ချောမွေ့စေရေးအတွက် အဆိုပါလမ်းအား ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ သာပေါင်း-ပုသိမ်ကားလမ်းမှာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ ရွှေမြင်တင်ဇက်ဆိပ်အထိ (၁၀)မိုင်(၃)ဖာလုံနှင့် ရွှေမြင်တင် ဇက်ဆိပ်မှ သာပေါင်းမြို့အထိ(၁၆)မိုင်(၅)ဖာလုံ စုစုပေါင်း (၂၇)မိုင် ရှည်လျားပါကြောင်း၊ ၃၁-၅-၂၀၁၁ ရက်နေ့အထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း(၄)မိုင်(၂)ဖာလုံ၊ ကျောက်လမ်း (၁၅)မိုင်နှင့် အမာခံလမ်း(၇)မိုင်(၆)ဖာလုံ ဖြစ်ပါကြောင်း။

ယခင် ခေတ်အဆက်ဆက်က ပုသိမ်မြို့မှ သာပေါင်းမြို့သို့ သွားလာရာတွင် ရေလမ်းခရီးကိုသာ အသုံးပြုခဲ့ရသည့်အတွက် အချိန်ကြာမြင့်စွာသွားလာခဲ့ရပါကြောင်း၊ ယခုအခါ ပုသိမ်မြို့မှ သာပေါင်းမြို့သို့ ကားလမ်းဖြင့် မိုးရာသီတွင် (၂)နာရီအတွင်း အရောက်သွားလာနိုင်ပါကြောင်း၊ လမ်းတစ်လျှောက် သစ်သားတံတားဟောင်း (၁၆)စင်းကို ကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တည်ဆောက်ခဲ့ပြီး အရှည်ပေ (၂၁၄၀)ရှိသည့် ပုသိမ်တံတားနှင့် အရှည်ပေ(၃၆၀)ရှိသော ကျောက်ချောင်းကြီးတံတားများကို အခိုင်အမာတံတားများအဖြစ် နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့အပြင် အဆိုပါလမ်းပေါ်ရှိ သစ်သားတံတား(၇)စင်းကိုလည်း သံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်လျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန်နှင့်ရာသီမရွေးသွားလာနိုင်ရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေအရ လမ်းအရှည်(၁၈)မိုင်အား ခွဲကျောက်၊ ချောင်းကျောက်စရစ်တို့ဖြင့် ခင်းကြိတ်ပြုပြင်ခြင်း၊ (၁)ဖာလုံအား လမ်းတာပေါင်ချဲ့ခြင်း၊ လက်ခုတ်တံတား ချဉ်းကပ်လမ်းပြင်ဆင်ခြင်း၊ အရှည်ပေ(၂၁၄၀)ရှိ ပုသိမ်တံတား သံမဏိသံပေါင်ကြိုးတံတားပြင်ဆင်ခြင်းနှင့် ဘေလီတံတား (၂)စင်းပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလမ်းပေါ်ရှိ လမ်းနှင့်တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ငွေလုံးငွေရင်းရန်ပုံငွေနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများ တင်ပြတောင်းခံပြီး ခွင့်ပြုရန်ပုံငွေအရ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဇော်မြင့်ဖေက **ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ယင်းဥပဒေကြမ်းကို အတည်ပြုရန်အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကထောက်ခံသည်။ ထို့နောက် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးခက်ထိန်နန်က **အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်ယုက ယင်းဥပဒေကြမ်းကိုအတည်ပြုရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။ လွှတ်တော်က အဆိုပါ ဥပဒေကြမ်း အပိုဒ်(၁)မှ(၃)အထိကို အတည်ပြုပြီး အပိုဒ် (၄)ကို ပြင်ဆင်၍အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၁ခုနှစ် စက်တင်ဘာ ၈ ရက် ကြာသပတေးနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

ဆောင်ရွက်

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်း(၈)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်း (၂)ခု အနက် ဥပဒေကြမ်း(၁)ခုကို အတည်ပြုခြင်း၊ ဥပဒေကြမ်း(၁)ခုကို ပြင်ဆင်အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

အစည်းအဝေးအပြီးတွင် ဖွဲ့စည်းခဲ့ပြီးဖြစ်သည့် ကော်မတီ(၄)ရပ်နှင့် အသစ်ထပ်မံဖွဲ့စည်းထားသည့် ကော်မတီ(၈)ရပ်တို့၏ အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့သည်။

(သတင်းစဉ်)

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက်

World First Aid Day

10th September, 2011

"First Aid for All"

"အားလုံးတွက်တာ ရှေးဦးပြုစုခြင်းပညာ"

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ဟီရတ်ပြည်နယ်မြို့တော်၌ အသေခံဗုံးခွဲမှုဖြစ်ပွား

ဟီရတ် စက်တင်ဘာ ၇

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ အနောက်ဘက် ကီလိုမီတာ ၆၄၀ အကွာရှိ ဟီရတ်ပြည်နယ်တွင် စက်တင်ဘာ ၆ ရက်က အသေခံကားဗုံးခွဲ တိုက်ခိုက်မှုကြောင့် ဗုံးခွဲသူသေဆုံးပြီး အရပ်သားနှစ်ဦး ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြောကြား

ဟီရတ်ပြည်နယ်မြို့တော် အပြင်ဘက် **(ဝဲပုံ)**တွင် နေတိုးတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါသည့် မော်တော်ယာဉ်တန်းအနီး အသေခံကားဗုံးခွဲမှုတွင် ဗုံးခွဲသူ သေဆုံးပြီး အရပ်သားနှစ်ဦး ဒဏ်ရာရသွားကြောင်း ပြည်နယ်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ နူရီက ပြောကြားသည်။ ရဲတပ်ဖွဲ့ဝင်များ၏ နိုင်ငံခြားသား သင်တန်းဆရာများလည်း အဆိုပါယာဉ်တန်းနှင့်အတူ လိုက်ပါလာသည်။ **(အင်တာနက်)**

အီရတ်အနောက်ပိုင်း အကြမ်းဖက်တိုက်ခိုက်မှု အီရတ်တပ်ဖွဲ့ဝင်ရှစ်ဦးသေဆုံး

ရာမာဒီ စက်တင်ဘာ ၇

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်တွင် စက်တင်ဘာ ၆ရက် က သေနတ်သမားတို့၏ တိုက်ခိုက်မှုကြောင့် အီရတ်တပ်ဖွဲ့ဝင်ရှစ်ဦးသေဆုံးပြီး၊ တစ်ဦးဒဏ်ရာရခဲ့ကြောင်း ပြည်နယ်ရဲသတင်းရပ်ကွက်က ပြောကြားသည်။ **(ယာပုံ)**

တိုက်ခိုက်

ဘဂ္ဂဒက်မြို့တော် အနောက်ဘက်ကီလိုမီတာ ၂၀၀ခန့် အကွာ ဟက်သာမြို့အနီးတွင် စစ်ဝတ်စုံ ဝတ်ဆင်ထားသည့် သေနတ်သမားများက အီရတ်စစ်ယာဉ်တန်းကို စက်တင်ဘာ ၆ ရက် နံနက်က တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

လွတ်မြောက်

စစ်ဝတ်စုံဝတ်ထားသည့် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးသူများတွင် အီရတ်စစ်ဘက်အရာရှိတစ်ဦးပါဝင်သည်။ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာကို ဝိုင်းထားပြီးရှာဖွေသော်လည်း သေနတ်သမားများ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၇-၉-၂၀၁၁

တင်မောင်လွင် - စုစည်းသည်

တာလီဘန်တပ်မှူးခြောက်ဦး အာဖဂန်လုံခြုံရေးတပ်ဖွဲ့ ဖမ်းဆီး

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်တောင်ဘက် ၅၅၅ ကီလိုမီတာအကွာ ဟယ်လ်မန့်ပြည်နယ်၌ တာလီဘန်တပ်မှူးခြောက်ဦးကို အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက်ကြောင်း ဟယ်လ်မန့်ပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူ ဒါဝတ်အမာဒီက စက်တင်ဘာ ၆ရက်တွင် ပြောကြားသည်။

ဟယ်လ်မန့်ပြည်နယ် နေရာအနှံ့မှ တာလီဘန်တပ်မှူးခြောက်ဦးကို ပြီးခဲ့သည့် ရက်သတ္တပတ်က ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ (အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ အက်ဆက်ပြည်နယ်တွင် စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက အင်အားရစ်ချ်တာစကေး ၆ ဒသမ ၇ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်သွားကြောင်း နိုင်ငံအတွင်းရှိ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ မြေငလျင်သည် စက်တင်ဘာ ၆ ရက် ဒေသစံတော်ချိန် နံနက် ၀၀ နာရီ ၅၅ မိနစ်တွင် ဘာရူခရိုင် ဆင်ကေးဒေသ အရှေ့မြောက်ဘက် ကီလိုမီတာ ၅၅အကွာ မြေအောက်အနက် ၇၈ ကီလိုမီတာ၌ ဗဟိုပြုလှုပ်ခတ်သွားခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကိုလံဘီယာရေတပ် ကိုကင်းများ ဖမ်းဆီးရမိ

ပစိဖိတ်သမုဒ္ဒရာအတွင်း ဖမ်းဆီးထားသော လှေငယ်တစ်စင်းပေါ်မှ ကိုကင်း ၁ ဒသမ ၁ တန်ကို စက်တင်ဘာ ၆ ရက်က ကိုလံဘီယာရေတပ်က သိမ်းဆည်းရမိခဲ့ကြောင်း ကိုလံဘီယာရေတပ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါမူးယစ်ဆေးဝါးများကို လပ်စကော့အမည်ရှိ လှေငယ်တစ်စင်း၏ပစ္စည်းများ တင်ဆောင်ရာ အခန်းတစ်ခန်းအတွင်းမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ကိုလံဘီယာရေတပ် အကြီးအကဲ ဟာနန်ဒိုဝဲစ်က ပြောကြားသည်။ မူးယစ်ဆေးဝါးများ၏ တန်ဖိုးမှာ မှောင်ခိုဈေးကွက်အရ အမေရိကန်ဒေါ်လာ သန်း ၃၀ ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန် ကလေး ၃၀ အာဖဂန်နယ်စပ်၌ ပြန်ပေးဆွဲခံရ

အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်အနီး ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းတွင် အမည်မသိ သေနတ်သမားများက ပါကစ္စတန်ကလေးငယ် ၃၀ ကို ပြန်ပေးဆွဲသွားကြောင်း ပရက်စ်တီဗွီတွင် ဖော်ပြသည်။

အသက် ၁၂ နှစ်နှင့် ၁၈ နှစ်အတွင်း ပါကစ္စတန်လူငယ်တစ်စုသည် ရာမာဒန်ဥပုသ်လအပြီး ထိုဒေသသို့ သွားရောက်လည်ပတ်စဉ် စက်တင်ဘာ ၂ ရက်က ယင်းသို့ ပြန်ပေးဆွဲခံလိုက်ရခြင်းဖြစ်သည်။ **(အင်တာနက်)**

မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးရာတွင် လယ်စပါးသာမက ယာစပါးပါပြောင်းလဲစိုက်ပျိုး လယ်စပါးတစ်ဧက တင်း ၁၀၀ ပန်းတိုင်အထွက်တိုးရေးနှင့် ယာစပါးတစ်ဧက တင်း ၆၀ အထက်ထွက်ရှိရေးကြိုးပမ်း

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရှင်မြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဝ ရှေ့ဖုံးမှ

ဆက်လက်၍ ဒုတိယသမ္မတသည် နည်းပညာတက္ကသိုလ် (တောင်ကြီး) ဝင်းအတွင်းရှိ ကျောင်းသား ကျောင်းသူများ လက်တွေ့ဘာသာရပ်သင်ယူကြသည့် စက်မှု(ပုံစံပြု)ဌာန၊ စက်မှု(စွမ်းအား)ဌာန၊ လျှပ်စစ်စွမ်းအားဌာန၊ မြို့ပြအင်ဂျင်နီယာဌာန၊ သိပ္ပံနှင့်သတ္တုဌာနတို့ကို ကြည့်ရှုစစ်ဆေးရာ ခေတ္တကျောင်းအုပ်ကြီးနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်တို့က လိုက်လံရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတက တက္ကသိုလ်တိုးချဲ့တည်ဆောက်သည့်အခါ စာသင်ဆောင်များ၊ အထောက်အကူပြုဆောင်များအပြင် ကျောင်းသားများ၏ လေ့လာဆည်းပူးမှု အလေ့အကျင့်များ ရရှိရေးကိုအထောက်အကူဖြစ်စေမည့် ကျောင်းစာကြည့်တိုက်ကိုပါ ထည့်သွင်းတည်ဆောက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့သို့ရောက်ရှိကြရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

တက်ရောက်

ယင်းနောက် ဒုတိယသမ္မတသည် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ဗထူးခန်းမ၌ ကျင်းပသော တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကြည်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှုမောင်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရွာငံမြို့နယ် အုပ်ချုပ်ရေးမှူးက ရွာငံမြို့နယ်၏ လူဦးရေနှင့် တိုင်းရင်းသားများနေထိုင်မှုတို့ကို ပဏာမရှင်းလင်းတင်ပြပြီး မိုးရွာသွန်းမှု၊ မြေအသုံးချမှု၊ ၂၀၁၀-၂၀၁၁ ခုနှစ် နွေစပါး၊ မိုးစပါးစိုက်ပျိုးမှု၊ အဓိကသီးနှံများစိုက်ပျိုးမှု၊ ဆောက်လုပ်ရေး၊ သစ်တော၊ လျှပ်စစ်၊ ဆက်သွယ်ရေးနှင့် သတ္တုကဏ္ဍများ ဆောင်ရွက်နေမှု၊ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ် ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ပဏာမရှင်းလင်းတင်ပြပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်(၄)ရပ်ဖြစ်သော နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းဆောင်ရွက်ရေးတို့ကို အကောင်အထည်ဖော်နေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ငြိမ်းချမ်းရေး နှစ်လတာ စီးပွားရေးအကောင်အထည်ဖော်မှုအခြေအနေ၊ ဓနုဒေသ၏ ရေ၊ မြေ၊ သဘာဝသယံဇာတဖြစ်တည်မှုအခြေအနေကို အကျိုးရှိရှိအသုံးချ၍ ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်သည့် အလားအလာများကို လေ့လာသုံးသပ်အကြံပြုဆွေးနွေးသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက မြေအနေအထားအရ သီးနှံများစိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်မှု၊ ဒေသတွင်းဖြစ်ထွန်းအောင်မြင်နိုင်မှု၊ ဒေသတွင်း ကျန်ရှိနေသည့် မြေလပ်၊ မြေလွတ်များတွင် စိုက်ဧကများတိုးချဲ့နိုင်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်မှု၊ ဒေသတွင်းဖြစ်ထွန်းသည့် စပါး၊ မြေပဲ၊ ပဲစင်းငုံ၊ အစေ့ထုတ်ပြောင်း၊ ကော်ဖီ၊ ထောပတ်၊ လက်ဖက်စသည့် အဓိကသီးနှံများ စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ ဓာတ်မြေဩဇာသုံးစွဲရေးနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းများ သုံးစွဲရေးတို့နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ရွာငံမြို့မှ မြို့မိမြို့ဖဦးသန်းဦးက ဟံမြင့်မို-မြို့ကြီး-ရွာငံလမ်းကို နိုင်ငံတော်ကဖောက်လုပ်ပေးခဲ့၍ ဒေသဖွံ့ဖြိုးတိုးတက်လာမှု၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့တွင် တိုးတက်မှုများရရှိနေမှုနှင့် လိုအပ်ချက်၊ ပြည်နယ်က ကျုံးဒေသတွင် ကုန်စည်ဒိုင်ဖွင့်လှစ်ဆောင်ရွက်ပေးသည့်အတွက် တောင်သူများ ဈေးကွက်ပိုမိုကောင်းမွန်လာမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ရွာငံမြို့နယ်ရှိ လူဦးရေအများစုမှာ ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိကြပြီး အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့်အတွက် ယနေ့နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စနစ်တကျအောင်မြင်ဖြစ်ထွန်းရန် လိုအပ်ပါကြောင်း။

စဉ်ဆက်မပြတ်

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဆင်းရဲမှုလည်း လျှော့နည်းပပျောက်သွားမှာဖြစ်ကြောင်း၊ မြို့နယ်အတွင်းအဓိကစိုက်ပျိုးသည့် စပါးစိုက်ဧကများကို လေ့လာကြည့်ပါက ယာမြေသည် လယ်မြေထက် ကိုးဆခန့်ပိုနေသည်ကို တွေ့ရှိရသဖြင့် မျိုးကောင်းမျိုးသန့်အစားထိုးစိုက်ပျိုးရာတွင် လယ်စပါးသာမက ယာစပါးအတွက်ပါ မျိုးကောင်းမျိုးသန့်ပြောင်းလဲ စိုက်ပျိုးသွားရန် လိုအပ်ပါကြောင်း၊ လယ်စပါးတစ်ဧက တင်း ၁၀၀ပန်းတိုင်အထွက်တိုးရေးနှင့် ယာစပါးတစ်ဧကတင်း ၅၀မှ ၆၀အထက် ထွက်ရှိရေးကို စဉ်ဆက်မပြတ် ကြိုးပမ်းသွားကြရန် လိုပါကြောင်း။

အလားတူ မြေပဲ၊ ဆီထွက်သီးနှံအမျိုးမျိုး၊ အစေ့ထုတ်ပြောင်းစသည့် သီးနှံများကိုလည်း မျိုးကောင်းမျိုးသန့်အစားထိုးစိုက်ပျိုးသွားရန် လိုပါကြောင်း၊ ရွာငံမြို့နယ်၏ မြေယာအသုံးချမှုကိုကြည့်ပါက ဖော်ထုတ်စိုက်ပျိုးနိုင်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ကျန်ရှိနေသည်ကို တွေ့ရပါကြောင်း။

ဤဒေသအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်နိုင်သည့် ရေမြေသယံဇာတရရှိထားပြီးဖြစ်၍ မိမိတို့၏တီထွင်ကြံဆကြိုးစားမှုဖြင့် ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ပါက စိုက်ပျိုးရေးအခြေပြုစီးပွားဖြစ်ထွန်းမှုများ မလွဲဧကန်ရရှိလာနိုင်မှာဖြစ်ကြောင်း။

ဝိုင်းဝန်းကြီးကြပ်

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ရှင်ဒေသ၏လူတစ်ဦးချင်းတစ်နှစ်ပျမ်းမျှ ဝင်ငွေမှာ ကျပ်ခုနစ်သိန်းခွဲခန့်ရရှိခဲ့သည်ကို တွေ့ရပါကြောင်း၊ ဤသည်မှာ ရှမ်းပြည်နယ်၏ လူတစ်ဦးချင်းပျမ်းမျှတစ်နှစ်ဝင်ငွေလျာထားချက် ကျပ်ငါးသိန်း နှစ်သောင်းနှင့် ပြည်ထောင်စုချုပ်၏ လျာထားချက်ဖြစ်သည့် လူတစ်ဦးချင်းတစ်နှစ်ဝင်ငွေ ကျပ်ခြောက်သိန်းခုနစ်သောင်းထက် ဝင်ငွေကျော်လွန်ရရှိခဲ့သည့်အနေအထားဖြစ်၍ ဤမြို့နယ်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးမှုအတန်အသင့်ရရှိဖြစ်ထွန်းနေသည်ကို တွေ့ရပါကြောင်း၊ စာရင်းဇယားများ မှန်မှန်ကန်ကန်ဖြစ်ရေးကို အဖွဲ့အားလုံး ဝိုင်းဝန်းကြီးကြပ်ပေးသွားရန် လိုပါကြောင်း။

ရွာငံမြို့နယ်၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုမှာ ၂၉ ဒသမ ၁၅ ရာခိုင်နှုန်းရှိသဖြင့် ရှမ်းပြည်နယ်တစ်ခုလုံး၏ ပျမ်းမျှ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်မှုရာခိုင်နှုန်း ၂၈ ဒသမ ၁၂ ရာခိုင်နှုန်းထက် သာလွန်သော်လည်း တစ်နိုင်ငံလုံး၏ ပျမ်းမျှအောင်ချက် ရာခိုင်နှုန်း ၃၅ ရာခိုင်နှုန်းထက် လျော့နည်းနေသေးသဖြင့် ဆရာ၊ မိဘ၊ ကျောင်းသားများအားလုံးက ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ တာဝန်ရှိသူများကလည်း ဝိုင်းဝန်းပံ့ပိုးပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ ထို့ပြင် ယနေ့နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် မသင်မနေရ မူလတန်းပညာရေးစနစ် အောင်မြင်ရေး၊ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးနှင့် စဉ်ဆက်မပြတ်ပညာသင်ကြားရေးလုပ်ငန်းများ အောင်မြင်ရေးကိုလည်း ဝိုင်းဝန်းကြိုးပမ်းကြရန် မှာကြားလိုကြောင်း။

အလားတူ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း တိုးတက်လာရေးအတွက် ကျန်းမာရေးဝန်ထမ်းများ အရည်အသွေးမြင့်မားရေး၊ ကုသမှုအထောက်အကူပြုပစ္စည်းများ စုံစုံလင်လင်ဖြင့် ကုသရေးတို့ကို

တနင်္သာရီတိုင်းဒေသကြီး (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနှင့် ဇာတ်အဆင့် ယှဉ်ပြိုင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၇

တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးနှင့် ဇာတ်အဆင့် ယှဉ်ပြိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် တက်ရောက် အမှာစကားပြောကြားသည်။

ကြိုးစားဆောင်ရွက်

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားရာ၌ မိမိတို့ တိုင်းဒေသကြီး အစိုးရသစ် လက်ထက်တွင် ပထမဆုံး အကြိမ် ကျင်းပပြုလုပ်သည့် ပြိုင်ပွဲဖြစ်သည့်အတွက် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပိုမိုထူးခြားပြည့်စုံအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အဆင့် (၁၈)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အရည်အသွေး ပြည့်မီသည့် ပြိုင်ပွဲဝင်များ ရွေးချယ်ရရှိအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြိုင်ပွဲဝင်စိစစ်ရွေးချယ်ရာတွင် ပြိုင်ပွဲဝင် စည်းမျဉ်းစည်းကမ်းများ၊ အမှတ်ပေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ အမှန်တကယ် အရည်အချင်းပြည့်ဝသည့် ပြိုင်ပွဲဝင်များ ရရှိရေးကို ရည်ရွယ်ပြီး ရွေးချယ်ကြရန် လိုကြောင်း၊ ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ရွှေတံဆိပ်နှစ်ဆု၊ ငွေတံဆိပ် ခြောက်ဆုနှင့် ကြေးတစ်ဆုတို့ကို ရရှိခဲ့ကြောင်း၊ ယခုနှစ် ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် ပြိုင်ပွဲတွင်လည်း တနင်္သာရီတိုင်းဒေသကြီး၏ ဂုဏ်ကို ပိုမိုမြှင့်တင်နိုင်ရေးကဏ္ဍအလိုက် ဝိုင်းဝန်း ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တက်ရောက်လာကြသည့် ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများက ဇာတ်အဆင့်ပြိုင်ပွဲ ယှဉ်ပြိုင်ရေး စီစဉ်ထားရှိမှုများနှင့် ကော်မတီအလိုက် လုပ်ငန်းတာဝန်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောင်ရွက်လျက်ရှိသည့်အပြင် ပုဂ္ဂလိကဆေးဝါးကုသမှု လုပ်ငန်းများ စနစ်တကျဖြစ်ထွန်းလာရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် ယနေ့အချိန်အခါတွင် သဘာဝပျက်ယွင်းမှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အလေးထား ဆောင်ရွက်လျက်ရှိကြကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခဲ့ပြီး ယခုတစ်ဖန် လုပ်ငန်းများ ပိုမိုအရှိန်မြှင့်တင်နိုင်ရေးအတွက် ယခင် သစ်တောရေးရာဝန်ကြီးဌာနကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက အခြေခံဥပဒေနှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများပုံပေါ်လာမှု၊ နိုင်ငံတော်စီးပွားရေး ပိုမိုဖြစ်ထွန်းရေးအတွက် ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင်ဖြစ်ပေါ်ရေးဆောင်ရွက်နေမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ် (၈)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေး ဆွေးနွေးရန် ဖိတ်ခေါ်မှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေး လုပ်ငန်းများအောင်မြင်ရေးအတွက် နိုင်ငံသားတိုင်းပါဝင် ပူးပေါင်းဆောင်ရွက်သွားကြရန်တို့ကို မှာကြားသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ် ဗထူးခန်းမ၌ တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ရှာင်မြို့နယ် ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိကြသော လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ရှာင်မြို့နယ်မှ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်ချက်အကောင်းဆုံး အခြေခံပညာအထက်တန်းကျောင်း၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံတို့အတွက် ရွှေသံလွင်ကုမ္ပဏီက Sky Net ရုပ်သံဖမ်းစက်များကိုပေးအပ်ရာ အောင်ချက်အကောင်းဆုံး မြင်းကျဒိုး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ မြိုင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ရေဦးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ရှာင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ရွာမအခြေခံပညာမူလတန်းလွန်ကျောင်း၊ ဈေးတန်းအခြေခံပညာမူလတန်းကျောင်းနှင့် မြို့ကုန်းအခြေခံပညာမူလတန်းကျောင်းတို့မှ ကျောင်းအုပ်ကြီးများနှင့် ရှာင်မြို့နယ်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီးတို့က လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရှာင်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ သူနာပြုများက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဆေးရုံဝင်းအတွင်း ဝန်ထမ်းအိမ်ရာနှင့် ဆေးရုံတိုးချဲ့ဆောင် တည်ဆောက်မည့်လျာထားမြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိကြသော လူနာများအား ကြည့်ရှုအားပေးစကားပြောကြားကာ ဆေးရုံငွေပဒေသာပင်အတွက် အလှူငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရှာင်မြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိကြပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးရာ ကျောင်းအုပ်ဆရာမကြီးက တက်ရောက်သည့် ကျောင်းသားဦးရေနှင့် စာသင်ဆောင်များအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ကျောင်း၏လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရှာင်မြို့နယ် မြိုင်တိုက်နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ခေတ္တဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ သူနာပြုများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိကြသော လူနာများအား ကြည့်ရှုအားပေးစကားပြောကြားပြီး ခွဲစိတ်ခန်းနှင့် အသစ်တည်ဆောက်ထားသည့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ ဆေးရုံ၌လိုအပ်လျက်ရှိသော ဓာတ်မှန်ရိုက်စက်ရရှိရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ပင်းတယမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

● *ရှေ့ဖုံးမှ*

လျှောက်ရတာကိုမရှိဘူး။ ဒါကြောင့် နင်တို့ လိမ္မာကြ၊ စာကြိုးစားကြ၊ အလုပ်ကြိုးစားကြဟေ့”။

ခက်ခက်ခဲခဲ

မြသိန်းတန် ကျေးရွာနေ ကိုသန်းဦးမှုကား အောက်နတ်ချောင်းတံတားအနား ရောက်တိုင်း တံတားဟိုဘက်ထိပ် ဒီဘက်ထိပ်ကို အကြိမ်ကြိမ်ပြေးတက်၊ ပြေးဆင်းချင်မိသည်။ ဘိုကလေးမြို့ကိုသွားဖို့ လှေကြုံမရှိ၍ အောက်နတ်ချောင်း၏ ဟိုမှာ ဘက်ကမ်းနှင့် သည်မှာဘက်ကမ်းကို ခက်ခက်ခဲခဲသွားခဲ့ရသည်ကို ယနေ့တိုင် မမေ့နိုင်၊ လုံးဝမမေ့နိုင်။

“ခက်ခဲတယ်၊ ဟုတ်စ။ ဘယ်လောက် ခက်ခက်ခဲခဲသွားခဲ့ရသလဲလို့တော့ မမေးနဲ့ဗျာ။ အရေးကြီးကိစ္စရှိလို့ အင်္ကျီကို ပလတ်စတစ်အိတ်နဲ့ထုပ်၊ ငှက်ပျောတုံးနှစ်တုံးကို ချိုင်းတစ်ဖက်မှာ ညှပ်ပြီးတော့ကို ကူးခဲ့တာပါဗျာ။ အခုတော့ ကျွန်တော် အပါအဝင် ရွာနီးချုပ်စပ်က လူတွေအားလုံး အဆင်ပြေသွားကြပါပြီ။ အိုဗျာ၊ ဧရာဝတီ တစ်ခုလုံးမှာလည်း ဒီလိုလမ်းတွေ၊ တံတားတွေရှိနေပြီ၊ ဆောက်နေပြီဆိုတော့ ဧရာဝတီသားတွေ အကုန်လုံးသွားရေးလာရေးအတော်ကို အဆင်ပြေကုန်ကြပြီဗျ။”

ကံကုန်းကျေးရွာနေ ဒေါ်စန်းစန်း၊ မရားကျေးရွာနေ ကိုကျော်စိုးနှင့်ကိုဆန်းမင်းတို့ကလည်းယခင် ရွံ့ထဲ၊ ဗွက်ထဲမှ သွားခဲ့ရပုံများ၊ ဒီရေအတက်အကျပေါ် မူတည်၍ လှေနဲ့သွားခဲ့ရပုံများကို မမေ့နိုင်ဖြစ်ခဲ့ရကြ၏။ ယခု အောက်နတ်ချောင်းတံတားတည်ဆောက်ဖွင့်လှစ်နိုင်ခဲ့၍ သဘာဝဘေးအန္တရာယ် ကျရောက်ပါကလည်း ဤတံတားကြီးကို အသုံးပြု၍ ရွှေ့ပြောင်းနိုင်မှု၊ ဘိုကလေးမြို့သို့ ခြေကျင်ဖြင့်ပင် သက်သောင့်သက်သာသွားလာနိုင်မှု၊ မိမိတို့၏ ရင်သွေးငယ်များကို ဘိုကလေးမြို့

“နင်တို့ စာကြိုးစားကြ၊ အရင်ကဆို တို့တစ်တွေ ဘိုကလေးမြို့ကို ဈေးသွားဝယ်ရင် ဒီရေအတက်အကျရှိမှ လှေနဲ့သွားရတာ”

ဦးစောမောင်
ကံကုန်းကျေးရွာ
ဘိုကလေးမြို့နယ်

ပေါ်၌ ကျောင်းထားနိုင်ခဲ့မှု၊ ဆိုင်ကယ်တစီစီဖြင့် ရွာနီးချုပ်စပ်အထိ သွားလာနိုင်မှု၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး ကိစ္စအဝဝ၊ ယခင်နှင့်မတူ ယခုတစ်မူ ဖွံ့ဖြိုးလာမှုတို့ကို ပြုံးပန်းတဝေဝေဖြင့် ပီတိပွားလျက်ရှိကြ၏။

ဖွင့်လှစ်နိုင်

ဟုတ်ပါလိမ့်မည်။ အောက်နတ်ချောင်းတံတား ဖွင့်လှစ်နိုင်ခဲ့၍ ရွာနီးချုပ်စပ်မှ ကျေးရွာပေါင်း ၁၀၆ ရွာ၊ အိမ်ခြေပေါင်း ၁၂၇၈၄၊ အိမ်ထောင်စုပေါင်း ၁၃၉၀၁ စုနှင့် ဒေသခံပြည်သူ ၆၁၈၃၄ ဦးတို့၏ လူမှုစီးပွားဘဝကို အကျိုးပြုလျက်ရှိပေသည်။

အောက်နတ်ချောင်းတံတား

အောက်နတ်ချောင်းတံတားသည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်တွင် တည်ရှိသည်။ သံကူကွန်ကရစ်လွန်တူး ဘိုးပိုင်အုတ်မြစ်အမျိုးအစားဖြစ်ပြီး အောက်ထည်ကို သံကူကွန်ကရစ်၊ အပေါ်ထည်ကို နှစ်လွှာတစ်ထပ်ဘေလီသံပေါင်နှင့် သစ်သားကြမ်းခင်း အမျိုးအစားတံတားဖြစ်သည်။ အရှည် ၄၆၆ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၃ ပေခွဲ နှင့် ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန် (ယာဉ်+ကုန်) ၁၃တန်ဖြစ်သည်။ ဤတံတားကို ၂၅-၆-၂၀၁၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ဆောင်ရွက်ပြီးစီးခဲ့သဖြင့် တတိယမြောက် ဖွင့်လှစ်လိုက်သော တံတားဖြစ်သည်။

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်ရှိ ဖွင့်လှစ်ပြီး အောက်နတ်ချောင်းတံတားကို ဤသို့တွေ့ခဲ့ရသည်။

“ငါတော့အေ ဒီတံတားကြီးကို ကြည့်ရင်း ရွာကဆုံးသွားရှာကြတဲ့ ဆွေမျိုးအပေါင်းအသင်းတွေကို သတိရလိုက်တာဟယ်”။

ဒေါ်သန်းညွန့်
မရားကျေးရွာ၊ ဘိုကလေးမြို့နယ်

ဘိုကလေး- စက်ဆန်း-ထော်ပိုင်-အမာ လမ်းပိုင်းတွင် တံတားစုစုပေါင်း ၁၆ စင်းရှိပြီး တည်ဆောက်ဆဲ တံတားငါးစင်းသာ ကျန်ရှိတော့သည်။ တံတားများအားလုံး ပြီးစီးပါက ဘိုကလေးမှ အမာသို့ တောက်လျှောက်သွားလာနိုင်တော့မည်။

သို့ဆိုလျှင် ဘိုကလေးမြို့ မရားကျေးရွာနေ အသက် ၇၂ နှစ်အရွယ်ရှိ အမေ ဒေါ်သန်းညွန့် စိတ်အလျဉ်ဝယ် အဘယ်သို့ရှိမည်နည်း။ ။

စာတတ်မြောက်မှုသည် လူ့အဖွဲ့အစည်း၏ ပြဿနာများကို အဆုံးသတ်ပေးနိုင်ပြီး နိုင်ငံရေးလုပ်ငန်းစဉ်များကို မြှင့်တင်ပေးနိုင်သည့်အပြင် ကောင်းကျိုးများကိုလည်း ဖြန့်ဝေပေးနိုင်

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ နိုင်ငံတကာစာတတ်မြောက်ရေးနေ့သဝဏ်လွှာ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၈ ရက်

'လူ့ဘောင်ပြည့်ရွာသာယာရေး စာတတ်မြောက်ရေးဝိုင်းကူပေး'ဟူသော အာဘော်နှင့်အညီကျင်းပမည့် ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်သည် လူ့ဂုဏ်သိက္ခာ၏အခြေခံလက္ခဏာဖြစ်သည့် အကြမ်းဖက်မှုကာကွယ်ရေး၊ တင်းမာမှုလျှော့ပါးရေးနှင့် ပဋိပက္ခများအဆုံးသတ်ရေးတို့ကို ပိုမိုအာရုံစူးစိုက်ဆောင်ရွက်ရန် အလေးအနက်သတိပေးနှိုးဆော်လျက်ရှိပါသည်။

ဖြန့်ဝေပေးစေနိုင်

စာတတ်မြောက်မှုသည် လူသားတစ်ဦးစီ၏ ပိုမိုပြည့်စုံသောအနာဂတ်ကို စိတ်ကူးတွေးတောရန်နှင့် ဖန်တီးရန်စွမ်းရည်များကို ဖော်ထုတ်ပေးသည့်အပြင် တရားမျှတမှု၊ ညီမျှမှုနှင့်တိုးတက်မှုတို့ကို ပိုမိုဖြစ်ထွန်းစေနိုင်မည့် လမ်းကြောင်းကိုလည်း ဖွင့်ပေးသည်။ စာတတ်မြောက်မှုသည် လူ့အဖွဲ့အစည်း၏ ပြဿနာများကို အဆုံးသတ်ပေးနိုင်ပြီး နိုင်ငံရေးလုပ်ငန်းစဉ်များကို မြှင့်တင်ပေးနိုင်သည့်အပြင် ကောင်းကျိုးများကိုလည်း ဖြန့်ဝေပေးစေနိုင်ပါသည်။

ထိုသို့ တိုးတက်မှုရှိသော်ငြားလည်း စာမတတ်မြောက်မှုသည် သန်းပေါင်းများစွာသောလူများ အထူးသဖြင့် အမျိုးသမီးနှင့် မိန်းမငယ်များကို ဆက်လက်ဖိစီးနှိပ်စက်နေပါသည်။ ၂၀၀၉ ခုနှစ်တွင် ခန့်မှန်းခြေအားဖြင့် သက်ကြီးစာမတတ်သူ ၇၉၃ သန်းရှိသည့်အနက် သုံးပုံနှစ်ပုံမှာ အမျိုးသမီးများဖြစ်သည်။ ထိုနှစ်တွင် မူလတန်းရွယ်ကလေးငယ် ၆၇ သန်းနှင့် ဆယ်ကျော်သက်ရွယ် ၇၂ သန်းတို့မှာ ၎င်းတို့၏အခွင့်အရေးဖြစ်သော ပညာသင်ကြားခွင့်များ ဆုံးရှုံးနေခဲ့ပါသည်။

လျော့ပါးစေ

စာမတတ်မြောက်မှုတန်ဖိုးမှာ ကြီးမားလှပါသည်။ ဆင်းရဲနွမ်းပါးမှု၊ ကျန်းမာရေး ချို့တဲ့မှုနှင့် မပြည့်စုံမှုသံသရာစက်ဝန်းကို ပိုမိုဆိုးရွားစေပါသည်။ လူ့အဖွဲ့အစည်းကို အားနည်းစေပြီး သီးခြားဖယ်ထုတ်ထားမှုနှင့် ပထုတ်ခံထားရမှုတို့ဖြင့် ဒီမိုကရေစီဝါဒ အခြေခံသောလမ်းစဉ်ကို လျော့ပါးစေသည်။ အဆိုပါ ဆိုးကျိုးများသည် တည်ငြိမ်မှုမရှိဘဲ ယိမ်းယိုင်နေသော လူ့အဖွဲ့အစည်းတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။

ဆက်လက်ချီတက်

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့သည် လူသားအားလုံး စာရေး၊ စာဖတ်နိုင်စေရမည်ဆိုသည့် ရည်ရွယ်ချက် ထမြောက်အောင်မြင်အောင် ဆောင်ရွက်မည့် ကျွန်ုပ်တို့၏ ဝန်ခံကတိပြုမှုကို ထပ်လောင်းအတည်ပြုရန်အခွင့်အရေးတစ်ခု ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ရာတွင် မွေးရာပါလူသားတစ်ဦးချင်း၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးရမည်ဖြစ်ပြီး လူတိုင်းအတွက် ငြိမ်းချမ်းရေးပန်းတိုင်ကို ဆက်လက်ချီတက်သွားရမည် ဖြစ်ပါသည်။ ။

လူတိုင်းအတွက် ပညာရေး

❖ ဆန်းသစ်တီထွင် နည်းပညာ
ဖွံ့ဖြိုးတိုးတက်လာ၊
အံ့သြဖွယ်ရာ ပညာခေတ်
ကမ္ဘာကြီးက ရှာကြီးဖြစ်။

❖ ပညာခေတ်မှာ ပညာရှာ
ပညာသည်သာ ရတနာ
ပညာသည်သာ အဓိက
အစဉ်လေ့လာ သင်ယူကြ။

❖ ပညာပြည့်ဝ အသိကြွယ်
အတွေး အမြင်ကျယ်၊
လူမှုနယ်ပယ် သာယာရေး
စွမ်းဆောင်နိုင်တယ်လေး။

❖ လူတိုင်းအတွက် ပညာရေး
စာတတ်မြောက်ရေး ဝိုင်းကူပေး။ ။

ရေနံ့သာမောင်ကျော်ညွန့်

စာတတ်မြောက်မှုသည် ဖွံ့ဖြိုးတိုးတက်မှုအရှိန်မြှင့်တင်ပေးသည့် အင်အားတစ်ခုဖြစ်သည်သာမက ငြိမ်းချမ်းရေးအတွက်ခွန်အားလည်းဖြစ်

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ပေးပို့သည့် ယူနက်စကို ညွှန်ကြားရေးမှူးချုပ် မစ္စစ်အီရီနာဘိုကိုဗာ၏ သဝဏ်လွှာ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၈ ရက်

ယခုနှစ်နိုင်ငံတကာစာတတ်မြောက်ရေးနေ့သည် စာတတ်မြောက်ရေးနှင့် ငြိမ်းချမ်းရေးအကြား မရှိမဖြစ် လိုအပ်သောဆက်နွှယ်မှုကို အထူးအလေးထားသည်။

လူ့အခွင့်အရေးနှင့် လူမှုရေးတရားမျှတမှုတို့အပေါ် လေးစားတန်ဖိုးထားခြင်းဖြင့် ငြိမ်းချမ်းရေးကို တည်တံ့ခိုင်မြဲစေနိုင်ပါသည်။

ပညာရေးနှင့် ဘဝတစ်သက်တာ သင်ယူမှုအားလုံး၏ အခြေခံဖြစ်သော စာတတ်မြောက်မှုသည် လူ့အခွင့်အရေးများထဲမှ တစ်ခုဖြစ်သည်။

ရရှိစေနိုင်

စာတတ်မြောက်မှုသည် ငြိမ်းချမ်းရေးအတွက် မရှိမဖြစ်ရှိထားရမည့် လိုအပ်ချက်ဖြစ်သည်။ လူ၊ ယဉ်ကျေးမှု၊ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးနယ်ပယ် အသီးသီးတို့တွင် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်ပါသည်။

ယနေ့ခေတ် ပညာဗဟုသုတဦးဆောင်သော လူ့အဖွဲ့အစည်းများတွင် စာမတတ်မြောက်ပါက ချန်လှပ်ထားမှုခံရခြင်းတို့ထက် ပိုမိုသော ဆိုးကျိုးများကို ဖြစ်ပေါ်စေပါသည်။

လတ်တလောစာရင်းဇယားများ ၂၀၀၉ ခုနှစ်အရ သက်ကြီး ၇၉၃ သန်းမှာ အခြေခံစာတတ်မြောက်မှုမရှိဘဲ ၎င်းတို့အနက် အများစုမှာ မိန်းကလေးငယ်များနှင့် အမျိုးသမီးများဖြစ်နေပါသည်။ ထို့အပြင် မူလတန်းရွယ် ကလေးငယ် ၆၇ သန်းမှာ ကျောင်းနေခွင့်မရကြခြင်းနှင့် ဆယ်ကျော်သက်အလယ်တန်းကျောင်းသား ၇၂ သန်းမှာ ၎င်းတို့၏ ရပိုင်ခွင့်ဖြစ်သော ပညာသင်ယူခွင့်များ ဆုံးရှုံးနေကြခြင်းသည် စာမတတ်သူမျိုးဆက်သစ်များ ပေါ်ပေါက်လာစေနိုင်သည့်အတွက် အန္တရာယ်ရှိသော အခြေအနေတစ်ရပ်ဖြစ်နေပါသည်။

ဤလက်ခံနိုင်ဖွယ်မရှိသော အခြေအနေသည် ဆင်းရဲနွမ်းပါးမှုကို လျှော့ချရေးနှင့် လူသားတို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားအားထုတ်မှု အားလုံးကို အဟန့်အတားဖြစ်စေပါသည်။

၎င်းသည် လူ့အခွင့်အရေးများနှင့် အခြေခံကျသော လွတ်လပ်ခွင့်များကို ချိုးဖောက်မှုတစ်ခုဖြစ်ပြီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ခြိမ်းခြောက်မှုတစ်ရပ်လည်း ဖြစ်ပါသည်။

စာတတ်မြောက်မှုသည် ဖွံ့ဖြိုးတိုးတက်မှုအရှိန်မြှင့်တင်ပေးသည့် အင်အားတစ်ခုဖြစ်သည်သာမက ငြိမ်းချမ်းရေးအတွက် ခွန်အားတစ်ရပ်လည်း ဖြစ်ပါသည်။

ပထမအချက်အနေနှင့် စာတတ်မြောက်ခြင်းသည် လူတစ်ဦးချင်းစီအတွက် လုပ်ကိုင်ခွင့်များ ရရှိစေသည့်အပြင် ၎င်းတို့အား အရေးကြီးသည့် သတင်းအချက်အလက်များ ရှာဖွေနိုင်ရန်နှင့် ၎င်းတို့၏ မိသားစုများနှင့် လူ့အဖွဲ့အစည်းများအတွက် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေမည့် အချက်အလက်များကို ရွေးထုတ်တတ်ရန်အတွက် ကျွမ်းကျင်မှုများနှင့် ယုံကြည်ချက်များ ဖြည့်ဆည်းပေးနိုင်ပါသည်။

ဒုတိယအချက်အနေနှင့် စာတတ်မြောက်ခြင်းသည် လူတစ်ဦးချင်းစီအတွက် ဒီမိုကရေစီလုပ်ငန်းများတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရန်၊ လူ့အဖွဲ့အစည်းများတွင် ပါဝင်ပြောဆိုနိုင်ရန်၊ နိုင်ငံရေး ဗဟုသုတများ ရရှိ၍ ပြည်သူလူထုဆိုင်ရာမူဝါဒများ၏ အရည်အသွေးများ မြင့်မားအောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပါဝင်နိုင်ရန် အခြေအနေ ဖန်တီးပေးပါသည်။

တတိယအချက်အနေနှင့် စာတတ်မြောက်ရေးအစီအစဉ်များသည် လူများအား အတွေးအခေါ် အယူအဆများမျှဝေစေရန် အထောက်အကူပေးခြင်းအားဖြင့်လည်းကောင်း၊ ၎င်းတို့၏ ယဉ်ကျေးမှုလက္ခဏာများ၊ အမျိုးအစားများ တိုးတက်ပြောင်းလဲစေခြင်းအားဖြင့်လည်းကောင်း လူသားတစ်ဦးနှင့်တစ်ဦးအကြား အပြန်အလှန်နားလည် သဘောပေါက်မှု အားကောင်းလာစေနိုင်ပါသည်။

မည်သည့်နိုင်ငံမဆို အပြန်အလှန်နားလည်မှု၊ လေးစားမှု၊ သည်းခံနိုင်မှု၊ ဆွေးနွေးပြောဆိုမှုတို့ကို တိုးတက်ဖြစ်ထွန်းစေသော လူတိုင်းအကျုံးဝင် ပညာရေးစနစ်များဖြင့် ၎င်း၏နိုင်ငံသားများအကြား အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်ရန် နည်းလမ်းမရှိလျှင် ငြိမ်းချမ်းရေး အစွန့်ရှည်တည်တံ့စေရန် မမျှော်လင့်နိုင်ပါ။

ငြိမ်းချမ်းရေးမျိုးစေ့ချရန်၊ အပြန်အလှန်ဆွေးနွေးမှုနှင့် ရင်ကြားစေ့မှုတို့ကို အားပေးရန်နှင့် လူငယ်လူကြီးများအတွက် သင့်လျော်သောအလုပ်အကိုင်များ ရရှိစေနိုင်သည့် လိုအပ်သောကျွမ်းကျင်မှုများကိုပေးရန်အတွက် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်တွင် စာတတ်မြောက်ရေးကိုပေါင်းစည်းရန် အရေးကြီးပါသည်။

မီးမောင်းထိုးပြ

၂၀၁၁ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးဆုများသည် လူ့အခွင့်အရေးမြှင့်တင်မှု၊ ကျား မ တန်းတူညီမျှမှု၊ ပဋိပက္ခဖြေရှင်းမှုနှင့် ယဉ်ကျေးမှု ကွဲပြားခြားနားမှုတို့အပေါ် အဓိကအားဖြင့် ဖော်ပြသောအစီအစဉ်သစ်ဆန်းများကို ပေးအပ်ခြင်းဖြစ်သည်။ အစီအစဉ်အားလုံးသည် အခက်အခဲဆုံးအခြေအနေများတွင်ပင် အရည်အသွေးရှိသော စာတတ်မြောက်ရေးအစီအစဉ်ကောင်းများ ဖော်ဆောင်ခြင်းဖြင့် လူငယ်များနှင့် လူကြီးများ၏ဘဝများကို အပြောင်းအလဲဖြစ်စေသည်တို့ကို မီးမောင်းထိုးပြထားပါသည်။

စာတတ်မြောက်မှုအစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံခြင်းသည် သင့်လျော်၍ မရှိမဖြစ်လိုအပ်သော ရွေးချယ်မှုကောင်းတစ်ခုဖြစ်သည်။ စာတတ်မြောက်မှုသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးတို့ တိုးတက်စေမည့် နည်းလမ်းများ၏ အဓိက အစိတ်အပိုင်းဖြစ်သည်။ ၎င်းသည် လူတိုင်းအတွက် ပညာရေးနှင့် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်တို့ အောင်မြင်ရန်အတွက် အဓိကကျပါသည်။

ကမ္ဘာကြီးတွင် ထိရောက်သောအစီအစဉ်များ ချဲ့ထွင်ဆောင်ရွက်နိုင်ရန်အတွက် လုံလောက်သောရင်းမြစ်များအား စာတတ်မြောက်မှုလုပ်ငန်းတွင်ပံ့ပိုးပေးရန်၊ နိုင်ငံရေးဆိုင်ရာ ကတိကဝတ်များပိုမိုပေးရန် အရေးတကြီးလိုအပ်နေပါသည်။ ယနေ့အခါသမယတွင် ကျွန်ုပ်သည် အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မြို့ပြအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအား စာတတ်မြောက်ရေးမူဝါဒကို ဦးစားပေးရန် တောင်းဆိုပါသည်။ ဤသို့ဖြင့် လူတိုင်းသည် ၎င်းတို့၏စွမ်းရည်များ တိုးတက်လာနိုင်ပြီး ရေရှည်တည်တံ့မျှတသော၊ ငြိမ်းချမ်းသောလူ့အဖွဲ့အစည်းကြီးကို တည်ထောင်ရာတွင် တက်ကြွစွာပါဝင်နိုင်မည်ဖြစ်သည်။ ။ **အီရီနာဘိုကိုဗာ**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၉-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**စိတ်ပြင်ပါ** တရားတော် (ဆရာတော်ဘဒ္ဒန္တဝေပုလ္လဇောတိ)
၆:၄၀	သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၂၀)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၆၂)
၈:၅၀	နှစ်ပေါင်းရာကျော်တည်တံ့နေသော မလွန်ဈေးဆန်အလှူတော်
၉:၁၀	ခေတ်မီသောဝန်ဆောင်မှုများနှင့် အနာဂတ်ဟိုတယ်များဆီသို့....
၉:၃၀	Intellectual Talk (Sustainable Development Part-1)
၁၀:၁၀	ရန်ကုန်မြင်ကွင်းကျယ် (MSI ပညာရေးဝန်ဆောင်မှု ဟောပြောပွဲအခမ်းအနား)
၁၀:၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၀၀	The Champion of Dance
၁၁:၃၀	သမိုင်းကြောင်းရှိသူများ၏နေရာ
၁၁:၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၀	ရွေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (တောင်လေ့ကားမြို့တော်မှ N.F.I.C)
၁၂:၃၅	ဂုဏ်ပူဇာဝဒ္ဒနာ ဘဒ္ဒန္တကုဏ္ဍလ၏ မဟာဝိဇာတမင်္ဂလာ
၁:၀၀	**စိတ်ပြင်ပါ** တရားတော် (ဆရာတော်ဘဒ္ဒန္တဝေပုလ္လဇောတိ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	Quiz Idol
၃:၁၀	Activities in the City (Make a Wish Club မိတ်ဆက်ပွဲ အခမ်းအနား)
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၂၀)
၄:၀၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၆၂)
၅:၀၀	ဒဂုံမြို့သစ်(မြောက်ပိုင်း) မဟာဂန္ဓာရုံကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ
၅:၀၀	Activities in the City [တောင်ငူအသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ]
၅:၂၅	Sunshine Education Center
၅:၄၀	စပါးအထူးအထွက်တိုးဖို့ သိပ္ပံနည်းကျစိုက်ကြစို့
၆:၀၀	MRTV -4 သတင်း
၆:၂၀	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၂၁)
၇:၀၅	Style ရှိမှ Star ဖြစ်မယ်
၈:၀၀	MRTV -4 သတင်း
၈:၃၀	**စကားနပန်း** (ကိုယ့်အားကိုယ်ကိုးတာကောင်းတယ်၊ သူများအားကိုးတာကောင်းတယ်)
၉:၃၀	MRTV -4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၆၃)
၁၀:၂၀	အနုပညာမိုးကောင်းကင်
၁၀:၄၀	ရင်နှောင်းကျောင်းရောက်ပြီ ကြည်စိုး၊ ထူးသာ၊ ချောနဝင်း၊ ယွန်းငုံဖူး ဒါရိုက်တာ-ဦးခင်ဇော်
၁၀:၅၅	အားကစားမြင်ကွင်းစုံ
၁၁:၂၀	ရသစုံစွာတေးအလင်္ကာ
၁၁:၄၀	လှုပ်ရှားစုံစုံ မြန်မာ့သုခုမဇာတ်ခုံ (ဖိုးချစ်) (အပိုင်း-၁)
၁၂:၀၅	နည်းစနစ်မှန်မှန်ကော်ဖီစိုက်ပျိုးရန်
၁၂:၂၀	Shooting Location (မစန္ဒာအိမ်)
၁၂:၄၀	အသည်းကင်ဆာ ရောဂါအကြောင်း သိကောင်းစရာ
၁:၀၅	နယဉ်ဆန်းထွင် ပန်းအလှဆင် (Diamond ပုံ ပန်းအိုးထိုးနည်း)
၁:၄၀	ရှမ်းမြောက်မြေက.... မွေးကြိုင်သင်းပျံ့...ဂူးလုံရန့်
၁:၅၀	ဖန်ဆင်းရေးခြယ် လက်ရာအသွယ်သွယ်
၂:၂၀	**အထင်**
၂:၄၀	တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
၃:၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၅	ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့ တောင်စွန်းမြို့ဦး ပရဟိတ လူငယ်စောင့်ရှောက်ရေးဌာန
၄:၂၀	စံကားဝါမြေမှ မေတ္တာရှင် ဇီဝိတဒါန အရောဂျသာလာသံဃာ့ဆေးရုံ
၄:၄၀	ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
၄:၅၀	တောင်းဆုအမှန်ပြည့်မည်ဇကန် (ကျိုက်ထိုမဟာမုနိသွန်းဘုရား)
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဝိုင်းမော်မြို့နယ်၌ KIA (ကချင်)အဖွဲ့က ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိ

နေပြည်တော် စက်တင်ဘာ ၇

KIA (ကချင်)အဖွဲ့က ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်၌ စက်တင်ဘာ ၃ ရက်က အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဝိုင်းမော်မြို့ အမှတ်(၃)ရပ်ကွက်နေ မောင်လွမ်းဇယ်နှင့် ဝိုင်းမော်မြို့နယ် ဘိဘရာကျေးရွာနေ မောင်ဘရန်မိုင်တို့နှစ်ဦးသည် စက်တင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် ကျွဲပျောက်လိုက်လံရှာဖွေရာမှ တဘက်ချောင်းအနီး အရှေ့ဘက်တွင် KIA (ကချင်) အဖွဲ့ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး မောင်လွမ်းဇယ်၏ ခြေထောက်၊ ဝမ်းဗိုက်နှင့် မျက်နှာတို့တွင် မိုင်းစများထိမှန်ကာ သေဆုံးသွားခဲ့ကြောင်း၊ မောင်ဘရန်မိုင်၏ မျက်နှာနှင့် ရင်ဘတ်တို့တွင် မိုင်းစများ ထိမှန်ဒဏ်ရာရရှိခဲ့သဖြင့် ဝိုင်းမော်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများကသာမက နိုင်ငံတစ်ဝန်းရှိ ပြည်သူအားလုံးကလည်း KIA အဖွဲ့အား ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ပြည်နယ်အကျိုးနှင့် ပြည်ထောင်စု အကျိုးစီးပွားအတွက် ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန် လိုလားလျက်ရှိကြပြီး ဒေသအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လက်နက်ဖြင့် ခြိမ်းခြောက်၍ အဓမ္မ တပ်သားသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများကို နှောင့်ယှက်ဖျက်ဆီးခြင်း၊ အချင်းချင်း ပစ်ခတ်သတ်ဖြတ်ခြင်း၊ အများပြည်သူများ သွားလာလှုပ်ရှားလေ့ရှိသော နေရာများတွင် ယခုကဲ့သို့ မိုင်းများထောင်ထားခြင်း စသည့် အဖျက်လုပ်ရပ်များကို မပြုလုပ်စေလိုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စုပေါင်းကာကွယ် ယာဉ်အန္တရာယ်

8-9 (10).pmd 1 9/8/2011, 2:25 AM

စာတတ်မြောက်မှုဖြင့် အဆိုးသံသရာမှ ရုန်းထွက်စို့

''ပညာဝေရင်း
သင်ယူခြင်းဖြင့်
မှီတင်းနေရာ
လူ့ကမ္ဘာကို
စွမ်းရာအလှဆင်ပါလော့''

အဆိုးသံသရာလည်ခြင်း

လူသားတို့နေထိုင်ရာ ဤ ၂၁ ရာစု လူ့ကမ္ဘာတွင် (၁) **''မသိမှု''** (စာဖတ်စာရေးမတတ်မှု၊ မတွက်ချက်တတ်မှု) (ignorance)၊ (၂) **''ရောဂါဘယ ထူပြောမှု''** (diseases)၊ (၃) **''ဆင်းရဲမှု''**(poverty) တို့မှာ အထင်အရှား ရှိနေပါသည်။

တိုးတက်ထွန်းကားနေပါသည်ဟု တဖွဖွ ကြွေးကြော်နေသည့် ဤလူသားကမ္ဘာ၌ အဆိုပါသုံးခုကို မဖယ်ရှားနိုင်သေးသရွေ့ကာလပတ်လုံး ကျွန်ုပ်တို့ကမ္ဘာသည် အရုပ်ဆိုးအကျည်းတန်နေဦးမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဤသုံးရပ်သည် အလှကမ္ဘာတည်ဆောက်နိုင်ရေးအတွက် စိန်ခေါ်မှုကြီး သုံးရပ်သဖွယ်လည်း ဖြစ်နေပေသည်။

ဤ **''မသိမှု''**၊ **''ရောဂါဘယထူပြောမှု''**၊ **''ဆင်းရဲမှု''** သုံးရပ်သည် **''အဆိုးသံသရာ''** (Vicious Circle) ကို ဖြစ်ပေါ်စေလျက်ရှိသည်။

အဆိုးသံသရာလည်ခြင်း



မသိမှုမှအစပြု၍ အဆိုးသံသရာလည်ရာတွင် မသိမှုကြောင့် ရောဂါဘယကို မကာကွယ်နိုင်မှု၊ မကုသနိုင်မှုတို့ဖြစ်ပေါ်ရသည်။ ယင်းမသိမှုနှင့် ရောဂါဘယထူပြောမှုတို့ကြောင့်ပင် ဆင်းရဲမှုကို ဖြစ်ပေါ်စေသည်။ မသိမှု၊ ရောဂါဘယထူပြောမှုနှင့် ဆင်းရဲမှုတို့ကြောင့် စာပေပညာမသင်ကြားနိုင်မှုကို ဖြစ်ပေါ်စေသည်။ ဤသို့ဖြင့် အဆိုးသံသရာလည်နေပေသည်။ ဤအဆိုးသံသရာကို မဖြတ်တောက်နိုင်သရွေ့ ဤသံသရာသည် မရပ်မနားလည်ပတ်နေမည်သာ ဖြစ်ပေသည်။

အဆိုးသံသရာမှထွက်ခြင်း

ထိုအဆိုးသံသရာလည်မှုကို နေရာတစ်နေရာမှ အစပြု၍ ဖြတ်ကိုဖြတ်တောက်ရပါလိမ့်မည်။ မုချဖြတ်တောက်ရပါမည်။ ထိုအစပြုဖြတ်တောက်ရမည့် နေရာ (cutting point)သည် **''မသိမှု''** (စာမတတ်မှု၊ စာမရေးတတ်မှု၊ မတွက်ချက်တတ်မှု) (ignorance)ပင် ဖြစ်ပါသည်။

စာမဖတ်တတ်မှု (not able to read)၊ စာမရေးတတ်မှု (not able to write)၊ မတွက်ချက်တတ်မှု

ဦးသန်းဦး

(not able to numerate) သည် လူသားကမ္ဘာမှ လူသားတစ်ယောက်၏ အနိမ့်ဆုံးချို့တဲ့နေသည့် ကျွမ်းကျင်မှုစွမ်းရည် (minimum literacy skills) သုံးရပ်ဖြစ်ပါသည်။ အလိုအပ်ဆုံး၊ အခြေခံအကျဆုံး လူ့စွမ်းရည်သုံးရပ်အဖြစ် ကျွန်ုပ်တို့ သတ်မှတ်လက်ခံထားပါသည်။ သို့ဖြစ်၍ လူဖြစ်လာလျှင် ဤလူ့အခြေခံစွမ်းရည် (human basic skill)သုံးရပ်ကို ရရှိလာအောင် မဖြစ်မနေ ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရပါမည်။ ထိုသို့ စာတတ်မြောက်မှု လူ့စွမ်းရည်ကို အစပထမရရှိလာအောင် ကြိုးပမ်းအားထုတ်ခြင်းသည် ဖော်ပြပါ အဆိုးသံသရာမှ လွတ်မြောက်အောင် ရုန်းထွက်ခြင်းမည်ပါပေသည်။

အဆိုးသံသရာမှ လွတ်မြောက်ခြင်း



စာတတ်မြောက်မှု၊ လူ့အခြေခံကျွမ်းကျင်မှုစွမ်းရည်နှင့်ပြည့်စုံရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာ၌ စာတတ်မြောက်ရေး (Literacy) သက်သက်ရရှိရေးကိုသာ ဆောင်ရွက်ခြင်းမပြုဘဲ စာဖတ်၊ စာရေး၊ တွက်ချက်တတ်မှု **''အ''**သုံးလုံးကျေအခြေခံဖြင့် **''အကျိုးပြုစာတတ်မြောက်ရေး''** (Functional Literacy) အဖြစ်သို့ ရောက်ရှိအောင် ဆောင်ကြဉ်းရပါမည်။ အကျိုးပြုစာတတ်မြောက်ရေးအဖြစ်သို့ရောက်ရှိအောင် သယ်ဆောင်ပို့ပေးခြင်းကို ဆိုလိုရင်းဖြစ်ပါသည်။

အကျိုးပြုစာတတ်မြောက်ရေးသည် အခြေခံစာဖတ်စာရေး၊ စိတ်တွက် လက်တွက် အခြေခံတွက်ချက်တတ်မှုစွမ်းရည်တို့ကိုအရင်းခံပြု၍ ရောဂါဘယကာကွယ်ရေးအသိ၊ ကာကွယ်ရေးအမြင်၊ ကုသရေးအသိ၊ ကုသရေးအမြင်တို့ကို ကျဲကူးရေပါ တစ်ပါတည်းရရှိလာအောင် တွဲဖက်ဆက်စပ်ဆောင်ရွက်ပေးသွားရပါမည်။ တစ်ချိန်တည်းမှာပင် စာတတ်မြောက်ရေးအခြေခံဖြင့် ဆင်းရဲမှုလျော့နည်းပပျောက်စေရေးအတွက် ဝင်ငွေတိုးလုပ်ငန်း၊ ဝင်ငွေဖြစ်ထွန်းရေးလုပ်ငန်းများကို ရှာဖွေခြင်း၊ ဆည်းပူးခြင်း၊ သိရှိခြင်းတို့နှင့် စပ်လျဉ်း၍လည်း အသိပညာပေးမှု၊ လေ့ကျင့်ပညာပေးမှုတို့ကိုပါ တစ်ပါတည်းပြုလုပ်ပေးရန် ဖြစ်ပါသည်။ ဤသည်တို့ကိုပါ ရရှိအောင်ဆောင်ရွက်ပေးခြင်းသည် လုပ်ငန်းအကျိုးပြု စာတတ်မြောက်ရေး (Functional Literacy)အဖြစ် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ဤသို့ ဦးတည်ဆောင်ရွက်မှုပြုခြင်းသည် အဆိုးသံသရာမှ ကျွတ်လွတ်အောင်၊ အဆိုးသံသရာမှ ရုန်းကန်



လှုပ်ရှား ထွက်မြောက်အောင် ဆောင်ရွက်ခြင်းမည်ပါပေသည်။

ယနေ့ကမ္ဘာ့စာမတတ်မြောက်မှု

ယနေ့ နှစ်ဆယ့်တစ်ရာစု ကမ္ဘာ့လူ့အဖွဲ့အစည်း၌ စာတတ်မြောက်မှု (literacy and numeracy) အခြေအနေကို လေ့လာဆန်းစစ်ရာဝယ် အသက် ၁၅နှစ်အထက် သက်ကြီးစာမတတ်သူဦးရေသည် စာတတ်မြောက်ရေးအတွက် ကြိုးပမ်းအားထုတ်နေသည့်ကြားမှပင် ၇၉၆ သန်းခန့်ရှိနေသေးကြောင်း တွေ့မြင်နေရပေသည်။ ကမ္ဘာ့သက်ကြီးခြောက်ဦးအနက် တစ်ဦးသည် စာမတတ်ဘဲဖြစ်နေသေးသည့်သဘောကို ဆောင်နေပါသည်။ ထိုသက်ကြီး စာမတတ်သူအများစုသည် အမျိုးသမီးများဖြစ်ကြပြီး ကျေးလက်တွင်နေကြသူများ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

တစ်ချိန်တည်းမှာပင် ကလေး ၆၇ ဒသမ ၄ သန်းသည် စာသင်ကျောင်းများ၏ အပြင်ဘက်၌ ရှိနေပါသေးသည်။ ၄င်းကလေးများသည် စာသင်ကျောင်းတွင်းသို့ မရောက်လာကြသေးပေ။ ၄င်းကလေးများ စာသင်ကျောင်းများသို့မရောက်လာကြပါက ကလေးစာမတတ်သူအဖြစ်သို့ရောက်သွားပြီးနောက် သက်ကြီးစာမတတ်သူအဖြစ်သို့ပင် ရောက်ရှိလာကြမည်ကို စိုးရိမ်နေရပေသည်။ ထို့ပြင် ကျောင်း၌ရောက်ရှိနေသောကလေးများအနက် ကျောင်းမှန်မှန်မတက်ကြသူများ၊ ကျောင်းစောထွက်သွားကြသည့် ကလေးတို့လည်းရှိနေသေးရာ ထိုကလေးတို့ကို မထိန်းသိမ်းနိုင်ပါက ကျောင်းစောထွက်သွား၍ စာမတတ်သူများအဖြစ်သို့ပင် ရောက်ရှိသွားဖို့များပါသည်။ ဤသည်တို့ကိုလည်း တစ်ဖက်တစ်လမ်းမှ ကာကွယ်ထိန်းသိမ်းရန် မုချလိုအပ်မည်ဖြစ်ပါသည်။ ဤသည်တို့ကို စာတတ်မြောက်ရေး၏ ယိုပေါက်များ အဖိတ်အစင်များအဖြစ် အလေးအနက်သဘောထား၍ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှု ပြုကြရပါလိမ့်မည်။

၂၀၁၁နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဆောင်ပုဒ်

ယူနက်စကို အဖွဲ့ချုပ်ကြီးက နှစ်စဉ်နှစ်တိုင်း နိုင်ငံတကာစာတတ်မြောက်ရေးနေ့အတွက် လုပ်ငန်းဆောင်ပုဒ် (Theme) ကို သတ်မှတ်ပေးလေ့ရှိပါသည်။

ယခုနှစ် ၂၀၁၁နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်အဖြစ် **''စာတတ်မြောက်ရေးနှင့်ငြိမ်းချမ်းရေး''** (The theme for the 2011 International Literacy Day is "Literacy and Peace")ဟူ၍ သတ်မှတ်ပေးထားပါသည်။

သို့ဖြစ်၍ ၂၀၁၁ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးအတွက် ကြိုးပမ်းလှုပ်ရှားဆောင်ရွက်မှု အရပ်ရပ်သည် စာတတ်မြောက်ရေးနှင့်အတူ ငြိမ်းချမ်းရေးရရှိမှုအတွက်ပါ ကျဲကူးရေပါ တစ်ပါတည်းဆောင်ရွက်သွားကြရခြင်းဖြစ်ပါသည်။

မှန်ပါသည်။ ယနေ့နှစ်ဆယ့်တစ်ရာစု ကမ္ဘာ့ရွာ၌ ပညာသည် ရတနာအစစ်ဖြစ်ပါသည်။ ပညာ၏ မူလအခြေခံသည် စာတတ်မြောက်မှုပင်ဖြစ်ပါသည်။ ပညာရတနာကို ရယူရာ၌ စာတတ်မြောက်မှုကို အခြေခံ၍ ရယူသွားရန် ဖြစ်ပါသည်။

ထိုသို့ရယူရာတွင် ကျဲကူးရေပါသဘောဖြင့် လူသားတို့၏ လူသားအဖွဲ့အစည်း၊ အထူးသဖြင့် ပညာ့လူ့အဖွဲ့အစည်းကို တည်ဆောက်ကြရာ၌ စာတတ်မြောက်သည့် လူ့အဖွဲ့အစည်း (Literate Society)ကို မုချတည်ဆောက်သွားကြရမည်ဖြစ်ရာ ထိုလူ့အဖွဲ့အစည်းသည် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းဖြစ်ရန် လိုအပ်လှပေသည်။

အချုပ်အားဖြင့် ကျွန်ုပ်တို့လူသားများ မှီတင်းနေထိုင်ရာ ဤလူ့ကမ္ဘာကို ပညာအလှ၊ စာအလှ၊ ငြိမ်းချမ်းရေးအလှတို့ဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ ဝီရိယစွမ်းရှိသမျှ အလှဆင်နိုင်အောင်၊ အကျည်းတန်မှုများ ဖယ်ရှားပစ်နိုင်အောင် ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြပါစို့ဟု ၂၀၁၁ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေး အကျိုးမျှော်၍ အလေးအနက်နှိုးဆော်တိုက်တွန်းလိုက်ရပါသတည်း။

နေ့ညအလှ

ရှင်နေမင်းမှာ၊ အလင်းဖြာသည်
နေ့ခါထွန်းပ နေ့အလှ။

ငွေလမင်းမှာ၊ အလင်းဖြာသည်
ညခါဝင်းပ ညအလှ။

စာတတ်စာဖတ်၊ အလင်းခတ်ကား
ထူးမြတ်လှစွာ၊ ဉာဏ်ရောင်ဖြာ၍
နေ့ခါညခါ၊ ထွန်းလင်းသာသည်
ရင်မှာရွှန်းမြ နေ့ညအလှ။

မင်းယုဝေ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၉-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အဂ္ဂဇယမင်္ဂလာ (ယဉ်ဝေထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၂၀ ၈။ အကပဒေသာ
၈:၃၀ ၉။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၀-၁၅ အဆင့်) (အမျိုးသမီး)**
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၆။ ဂီတသံစဉ်အလှဆင်
၅:၂၀ ၇။ ရှင်နှောင်းကျောင်းရောက်ပြီ
၅:၃၅ ၈။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၅:၄၅ ၉။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၀-၁၅ အဆင့်) (အမျိုးသမီး)**
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၆၆)
၆:၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြံကြံဖန်ဖန်အမွေဆိုင်** (အပိုင်း-၂၅)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **(၁၈)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ''ခေတ်အကြိုက်တေးသီချင်း'' အဆိုဘာသာရပ်ဆိုင်ရာအကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း**
၁၉။ **အစာလည်းဆေး၊ ဆေးလည်းအစာ**
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၉၂)
၂၁။ အစီအစဉ်ပြီး၏။

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် စက်တင်ဘာ ၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ချင်းပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေအားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ အများအားဖြင့်မုတ်သုံလေအားကောင်းမည်။

နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိမိဒေသ၊ မိမိရပ်ရွာအကျိုး ဆောင်ရွက်ရာတွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၇

မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအုန်းမြင့်သည် စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ပေါင်မြို့နယ်သို့ရောက်ရှိပြီး ကွဲခြံ-အဟောက်-ဒရိန်း-ကျားဘို-အလှပ်ကျေးရွာချင်းဆက်လမ်းနှင့် လမ်းတစ်လျှောက်အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ကွက်များ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများဖောက်လုပ်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အလှပ်ကျေးရွာတိုက်နယ်ဆေးရုံ အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆေးရုံဝန်ထမ်းများနှင့် ရပ်မိရပ်ဖများအားတွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က မိမိဒေသ၊ မိမိရပ်ရွာ အကျိုးဆောင်ရွက်ရာတွင် အောင်မြင်သည့်အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းပြီး အားနည်းချက်၊ လိုအပ်ချက်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းကာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် တိုက်နယ်ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး တက်ရောက်ဆေးကုသမှုခံယူနေကြသည့် လူနာများအား ထောက်ပံ့ငွေများပေးအပ်သည်။

ထိုမှတစ်ဆင့် အလှပ်-သပြေကန်-ညောင်ကုန်လေး-ထန်းပင်ချောင်ကြီး-ကမာဘီကျေးရွာချင်းဆက် လမ်းကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ပေါင်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံကာ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူလူထုအကျိုးကို ရှေးရှုကာ စေတနာထား၍ စည်းစည်းလုံးလုံးဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လှိုင်သာယာမြို့နယ်၌ ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၇

မိုးရာသီ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို အမြို့မြို့အနယ်နယ်တွင် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီက ပြည်သူများနှင့် ပူးပေါင်းကာ မိုးတွင်းကာလ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးနှင့် လျှပ်စစ်ဓာတ်အားမြှင့်တင်နိုင်ရေး လုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်ရှိ လျှပ်စစ်အန္တရာယ်ရှိသော ဓာတ်တိုင်ကြိုးများကို အသစ်လဲလှယ်ပေးခြင်း၊ သစ်ပင်သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်း၊ ထရန်စဖော်မာခြံစည်းရိုးပြန်လည်ကာရံခြင်း၊ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် လက်ကမ်းစာစောင်များဝေငှခြင်းတို့အပြင် ဓာတ်အားမြှင့်တင်နိုင်ရန်အတွက် ထရန်စဖော်မာအသစ်ထိုင်မည့် နေရာအားရှင်းလင်းခြင်းများကို စုပေါင်းလုပ်ကိုင်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)(၁၂၉)**

ရန်ကုန်တိုင်း ဒေသကြီး အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ဩဂုတ် ၁၃ ရက်က သရက်တောတောင်ရပ်ကွက် ဓမ္မာရုံ၌ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးငွေးဝင်း နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်စဉ်။ (ဝ၄၂)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

စာအုပ်စာစောင်လှူဒါန်း

ဩဂုတ် ၃၀ ရက်က ပြင်စလူမြို့ တယ်ပင်ကိုင်းကျေးရွာ အောင်သီရိစာကြည့်တိုက်တွင် စာအုပ်စာစောင် လှူဒါန်းပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်က သုတရသစာအုပ်စာစောင် ၃၀၀ ကို စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းစဉ်။ (ခရိုင် ပြန်/ဆက်)

ပွင့်လင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ကျောက်ထု စက်တင်ဘာ ၇

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ လယ်ဆောရွာ ပွင့်လင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာကြည့်တိုက်အတွက် စာအုပ်လှူဒါန်းပွဲကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ဆက်လက်ကျင်းပရာ ကျောက်ထုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမနားယောက စာအုပ်စာစောင်များကို စာကြည့်တိုက်မှူးထံ ပေးအပ်လှူဒါန်းသည်။

လေ့လာဖတ်ရှုနိုင်

အဆိုပါ စာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်း၊ ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေ ၁၃၁၇၃၃၅ကျပ်တို့ဖြင့် ဆောက်လုပ်ထားပြီး စာကြည့်တိုက်ကို နေ့စဉ်ဖွင့်လှစ်ပေးထားသဖြင့် သတင်းစာ၊ ဂျာနယ်နှင့် သုတ၊ ရသစာအုပ်များကို ကျေးရွာနေပြည်သူများ လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်လျက်ရှိကြောင်း သိရှိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့်စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စာအုပ်စာပေ လှူ့မိတ်ဆွေ

ငွေစုငွေချေးအသင်းများသို့ မတည်ရင်းနှီးငွေပေးအပ်

မြောင်းမြ စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးအသင်းများသို့ မတည်ရင်းနှီးငွေ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ ရက် နေ့လယ်က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပရာ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးမင်းထူးကျော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုးတို့က ငွေစုငွေချေးအသင်း ငါးသင်းအတွက် ရင်းနှီးမတည်ငွေကျပ် ၁၁၂ သိန်း ပေးအပ်ခဲ့ကြောင်းသိရှိရသည်။ **(ခရိုင်ပြန်/ဆက်)**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မင်းလှမြို့၌ ငါးမျိုးများပေးအပ်

မင်းလှ စက်တင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ဩဂုတ် ၂၀ ရက်က တောင်သူများသို့ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ရန် ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ ကို အခမဲ့ပေးအပ်သည့် အခမ်းအနားကျင်းပသည်။

ငါးမျိုးများပေးအပ်

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရီနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်နှင့် ဝန်ထမ်းများ၊ အုတ်ဖိုငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးသန်းနိုင်တို့ကတောင်သူများသို့ ငါးမျိုးများ ပေးအပ်ခဲ့ကြပြီးနောက် အုတ်ဖိုမြို့နယ် ဂုံညင်းတန်း ကျေးရွာအုပ်စု၌ စပါးခင်းများအတွင်း ငါးသားပေါက်ကောင်ရေ ၈၀၀၀၀ကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)** **(ခရိုင် ပြန်/ဆက်)**

စီးပွားရေးတက္ကသိုလ် ကျောင်းသား/ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

၁၉၇၈ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများက ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အတွင်း ပညာသင်ကြားပို့ချပေးခဲ့ကြသော ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမကြီးအားလုံး (မေဂျာ၊ မိုင်နာ) ကို အောက်တိုဘာ ၁၅ ရက် နံနက် ၈ နာရီတွင် အခန်း-၁၀ စီးပွားရေးတက္ကသိုလ်ခန်းမ၌ မြတ်ဆရာ ပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသည့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးတင်လတ် ဖုန်း-၀၉-၅၀၂၁၀၁၀၊ ဦးလင်းကြည် ဖုန်း-၂၉၇၇၅၀၊ ဖုန်း-၀၉-၅၀၀၈၁၂၂၊ ဦးမင်းဟန် ဖုန်း-၀၉-၅၁၃၂၆၆၅၊ ဦးခိုင်စိုးသိန်း ဖုန်း-၀၉-၅၀၂၀၅၆၂၊ ဦးအေးမြင့် ဖုန်း-၀၉-၄၃၁၃၁၂၅၃၊ ဦးဝင်းမြင့် ဖုန်း-၅၀၇၂၉၁၊ ၀၉-၅၄၁၇၂၉၅၊ ဦးချန်ထွန်း ဖုန်း-၀၉-၅၁၄၆၈၀၉၊ ဒေါ်ဝင်းမာ ဖုန်း-၅၂၆၈၉၀၊ ၀၉-၅၁၆၅၁၅၄၊ ဒေါ်စမ်းစမ်းအေး ဖုန်း-၀၉-၇၃၀၅၆၈၄၄၊ ဒေါ်ကစ်တီမြသိန်း ဖုန်း-၀၉-၅၁၇၇၀၄၈၊ ဒေါ်စမ်းစမ်းဝင်း ဖုန်း-၀၉-၇၃၀၈၇၀၁၀၊ ဒေါ်သင်သင်နွယ် ဖုန်း-၆၄၆၅၁၄၊ ဒေါ်သီသီအေး ဖုန်း-၅၂၆၆၈၄ တို့ထံသို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၌ ဆုချီးမြှင့်

လားရှိုး စက်တင်ဘာ ၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ဩဂုတ် ၂၉ ရက် ည ၇ နာရီက (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပသည်။

ချီးမြှင့်ပေးအပ်

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြိုင်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်များမှ ဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်ကြပြီး ပြိုင်ပွဲများတွင် အကဲဖြတ် အမှတ်ပေးသော ဒိုင်ချုပ်များ၊ ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပေးကြသည်။

ဆက်လက်၍ ဆုရရှိခဲ့ကြသော မိုင်းရယ်မြို့မှ မနှင်းပွင့်ဖြူက အခြေခံပညာ (၅-၁၀)နှစ် (အမျိုးသမီး)အက၊ လားရှိုးမြို့မှ မဖြိုးပြည့်စုံကျော်က အခြေခံပညာ (၁၀-၁၅)နှစ် (အမျိုးသမီး) ခေတ်ဟောင်းကာလပေါ်အဆို၊ လားရှိုးမြို့မှ မခိုင်နန္ဒီကိုက အခြေခံပညာ (၁၀-၁၅)နှစ် (အမျိုးသမီး) အက၊ မောင်စိုင်းခေးလျန်းက အခြေခံပညာ (၁၀-၁၅)နှစ် (အမျိုးသား) စန္ဒရားအတီးနှင့် တန့်ယန်းမြို့မှ ဦးသန်းတင်က ဝါသနာရှင် (ဒုတိယအဆင့်) အရေးပြိုင်ပွဲဝင်ခဲ့သည့် ဝေဆာလှပ မြန်မာ့ဂီတသီချင်းဖြင့် ကပြသီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် စက်တင်ဘာ ၇

ယုဇနပလာဇာ ဂေါက်သီးရိုက်အသင်း YPGG ရန်ကုန်၏ (၄၂)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက် (တနင်္လာနေ့) နံနက် ၆ နာရီတွင် ရန်ကုန်မြို့ ငွေသော်တာ ဂေါက်ကွင်းတွင် ကျင်းပမည်ဖြစ်ရာ အသင်းသားတိုင်း ပါဝင်နိုင်ရန်နှင့် အသေးစိတ်သိလိုပါက ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(ဂေါက်သီးရိုက်အသင်း)**

သတ္တသတ္တာဟ(၇)ဌာနနှင့် တရားစခန်းဆောက်လုပ်ရာတွင် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေး အသိပေးနှိုးဆော်ခြင်း

ဂေါတမမြတ်စွာဘုရားပွင့်တော်မူရာ အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့ ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်နှင့် သတ္တသတ္တာဟ(၇)ဌာနဖြစ်သည့် မဟာဗောဓိပင်နှင့် ရွှေပလ္လင်တော်၊ အနိမိသစေတီတော်၊ ရတနာစင်္ကြံတော်၊ ရတနာဃရရွှေအိမ်တော်၊ အဇပါလညောင်ပင်၊ မုစလိန္ဒာရေကန်တော်နှင့် ရာဇာယတနလင်းလွန်းပင်တို့အား သွားရောက်ဖူးမြော်ကြည်ညိုရန် အခက်အခဲရှိသည့် ရဟန်းရှင်လူပြည်သူများအနေဖြင့် ဗုဒ္ဓဂယာသို့သွားရောက်ဖူးမြော်ကြည်ညိုရသကဲ့သို့ နေပြည်တော်တွင်လည်းဖူးမြော်နိုင်ရန်အတွက် ဗုဒ္ဓဂယာ၏ ပုံစံတူ အရွယ်တူ နေပြည်တော်ဥတ္တရသီရိမြို့ မြောက်ဘက် ခွာညိုပန်းအဝိုင်းမှ ၅ မိုင် ၆ ဖာလုံအကွာ နေပြည်တော်-တပ်ကုန်း (တောင်အောက်) ကွန်ကရစ်လမ်း (ဝဲ/ယာ) ကပ်လျက် ဥဒယရုံသီကုန်းတော်ပြင်၌ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်နှင့် တရားစခန်းကို တည်ထားဆောက်လုပ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်နှင့် တရားစခန်း ဆောက်လုပ်လှူဒါန်းခြင်း လုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် -
ဦးကံချွန်
နေပြည်တော်ကောင်စီဝင်
အတွင်းရေးမှူး (အထူးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကြီးကြပ်မှုကော်မတီ)
ဖုန်း-၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၀၄၊ ၀၉-၈၃၀၀၂၅၉

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မိုးရေချိန်စံချိန်သစ်

နေပြည်တော် စက်တင်ဘာ ၇

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ စက်တင်ဘာလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်ကို တိုင်းထွာရရှိခဲ့သည်။

စဉ်	စခန်းအမည်	မိုးရေချိန် စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	မြောက်ဦး	၂၆၈	၁၀ ဒသမ ၅၅	၂၂၂	၈ ဒသမ ၇၄	၂၄-၉-၁၉၇၈	၃၄

ဆရာဝန်အသင်း၌ ပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၇

၂၀၁၁ ခုနှစ် The World at 7 Billion အထိမ်းအမှတ်အဖြစ် ဗဟုသုတပြည့်စုံပြီး ကျန်းမာရေးနှင့် ညီညွတ်သော အမူအကျင့်ကောင်းများပိုင်ဆိုင်ထားရုံမျှမက ကိုယ်ရည်ကိုယ်သွေးရှိသော အသက်(၁၅-၂၄)နှစ်အတွင်းရှိ လူငယ်များအတွက် အရည်အသွေးကောင်းများ ဖော်ထုတ်ပြသခွင့်ရရှိမည့် "Mr.and Ms. SMART Contest 2011" ကို ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့မှ အဓိက ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်က ဦးစီးကျင်းပမည်ဖြစ်သည်။

စိတ်ပါဝင်စားသူ လူငယ်များအနေဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း လူငယ်ဖွံ့ဖြိုးမှုအစီအစဉ် ရုံးခန်းတည်ရှိရာ အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့တွင် စက်တင်ဘာလ ၈၊ ၉ နှင့် ၁၀ ရက်များတွင် ရုံးချိန်အတွင်း မှတ်ပုံတင်ကြေးငွေကျပ် ၁၀၀၀နှင့်အတူ ကိုယ်တိုင်ပုံစံဖြည့်၍ စာရင်းပေးသွင်းနိုင်သည်။ အသေးစိတ် သိရှိလိုပါက လူငယ်ဖွံ့ဖြိုးမှုအစီအစဉ် ဖုန်း- ၃၈၀၈၉၉၊ ၃၉၄၁၄၁၊ ၃၇၈၈၆၃ လိုင်းခွဲ ၁၂၄ နှင့် ၃၉၉၀၂၀ တို့ထံသို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(ဆရာဝန်အသင်း)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၇)၊ အဋ္ဌမတန်း(A)မှ မခင်သူဇာအောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးသန်းဦး ဖြစ်ပါကြောင်း။ **ဦးမျိုးသန်းဦး**

မိဘအမည်မှန်

တောင်ကြီးမြို့၊ အထက(၅) တက္ကသိုလ်ဝင်တန်း(D)မှ မဟန်နီမြင့်ထွန်း၏ မိဘအမည်မှန်မှာ ဦးဟောင်လုစိမ်းနှင့်ဒေါ်ရင်ရင်ရွှေဖြစ်ပါကြောင်း။ **ဦးဟောင်လုစိမ်း-ဒေါ်ရင်ရင်ရွှေ**

ဓေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးကြင်မော်-ဒေါက်တာဒေါ်မေဆည် တို့၏သား
ဒေါက်တာထွန်းအောင်ရှိန် M.B.,B.S(Ygn:)
Diploma in Business Administration
Diploma in Development Studies
(သရုပ်ပြ၊ ဆေးဝါးဗေဒဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)

နှင့်

ရန်ကုန်မြို့နေ ဦးလှထွဋ်လေး-ဒေါ်အေးမြင့်ရီ တို့၏ တစ်ဦးတည်းသောသမီး
ဒေါက်တာနှင်းနန္ဒာထွဋ် M.B.,B.S(Ygn:)
Diploma in Social Work
Diploma in Development Studies

တို့သည် ၃-၉-၂၀၁၁ရက်တွင် နှစ်ဖက်သောမိဘများ၏ရှေ့မှောက်တွင် ဓေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာထွန်းအောင်ရှိန်-ဒေါက်တာနှင်းနန္ဒာထွဋ်

(၁၁)ကြိမ်မြောက် တောင်ငူ(ဂျီတီအိုင်/ဂျီတီစီ) အာစရိယပူဇော်ပွဲကျင်းပမည်

တောင်ငူ(ဂျီတီအိုင်)စတင်ဖွင့်လှစ်သည့် ၁၉၈၅မှ ယနေ့အထိ ပညာသင်ယူခဲ့ကြသည့် ကျောင်းသားကျောင်းသူများက အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား (၁၁)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရှစ်မိုင်ရှိ ရွှေဘဲ စားသောက်ဆိုင်တွင် ကျင်းပမည်ဖြစ်ပြီး သီးခြားဖိတ်စာပို့မည်မဟုတ်ပါ၍ အာစရိယပူဇော်ပွဲသို့ တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(၁) ကိုနိုင်မင်းသူ-၀၉-၅၀၅၉၉၈၉၊ (၂) မခင်မာလာထွန်း-၀၉-၅၁၆၁၂၃၄၊ (၃) ကိုအေးကို-၀၉-၅၁၃၀၆၁၅၊ (၄) ကိုတင်အောင်သန်း-၀၉-၅၁၂၂၀၁၆၊ (၅) ကိုမြင့်နိုင်-၀၉-၅၁၁၄၂၆၂၊ (၆) ကိုထွန်းမြင့်(နေပြည်တော်)-၀၉-၈၃၀၂၁၁၇၊(၇) ကိုဌေးဝင်း(G.E.-ရုံးချုပ်)-၀၉-၄၉၂၀၂၉၉၃၊ (၈) ကိုသိန်းထွန်းဦး(မန္တလေး)-၀၉-၈၃၀၂၇၈၁၊ (၉) မသန်းသန်းဌေး(နေပြည်တော်)-၀၉-၄၉၂၂၄၅၇၇၊ (၁၀) ကိုတက်တိုးခန့် (A.E.-မုံရွာ)-၀၉-၆၄၅၀၈၁၃၊ (၁၁) ကိုကျော်ကျော်လွင်(တောင်ငူ)-၀၉-၅၃၅၀၂၅၂၊ (၁၂)ကိုရဲမင်းကျော်ငြိမ်း(ပဲခူး)-၀၉-၅၃၀၁၀၃၉၊ (၁၃)ကိုဟိန်းထိုက်ဆွေ (တောင်ငူ)-၀၉-၅၃၅၁၃၃၇။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၊ မင်္ဂလာဆင်မင်းအိမ်ရာ၊ တိုက်အမှတ် ၁၊ အခန်းအမှတ် ၀၀၄ သည် ယခုလက်ရှိ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်အမည်ဖြင့် ရရှိသောတိုက်ခန်းဖြစ်ပါသည်။ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်ထံမှ ဦးထွန်းလှသို့ တန်ဖိုးသတ်မှတ် ရောင်းချခဲ့ပါသဖြင့် ဦးထွန်းလှ မှတ်ပုံတင်အမှတ် ၁၂/မရတ (နိုင်)၁၁၀၀၆၈မှ တိုက်ခန်းပိုင်ဆိုင်မှုအမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာအုပ်ချုပ်ရေးဌာန(ရန်ကုန်)သို့ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ငှားရန်ရှိသည်

ဗဟန်းမြို့နယ်တွင်းရှိ စီးပွားရေးလုပ်ငန်းကြီးများလုပ်ရန် ပတ်ဝန်းကျင်နှင့် နေရာအလွန်ကောင်းသော ၄၅ပေ×ပေ၁၁၀ အကျယ် မြေကွက်ငှားရန်ရှိပါသည်။
ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၀၂၃၉၉၄၊ ၀၉-၅၀၀၆၉၉၉၊ ၀၁-၇၂၇၄၉၆

ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ငကောင်းကံအုပ်စု၊ ဇီးကုန်းကျေးရွာနေ ညောင်ဦး အထက-၁၊တက္ကသိုလ်ဝင်တန်း (S)မှ မလှိုင်းဇာခြည်၏ ဖခင်အမည်မှန်မှာ ဦးတင်ဆွေဝင်း ၉/ပမန(နိုင်)၀၅၁၂၅၂ ဖြစ်ပါသည်။
ဦးတင်ဆွေဝင်း ၉/ပမန(နိုင်)၀၅၁၂၅၂

ဖခင်အမည်မှန်

ငါန်းဇွန်မြို့နယ်၊ အထက (ခွဲ)ဂျို၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်မျိုးသန့်ဇင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းဘို ဖြစ်ပါသည်။
ဦးဆန်းဘို(၉/ငဇန(နိုင်)၁၂၀၃၄၉)

သွေးသည်အသက်

ဖခင် အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(ဇီးလွန်) တက္ကသိုလ်ဝင်တန်းမှ မခေါန်စင်၏ ဖခင်အမည်မှန်မှာ ဦးဒါရှီဂမ်(ခ)ဦးမာဘရန် ဖြစ်ပါသည်။

အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက-၂ တက္ကသိုလ်ဝင်တန်း(D) မှ ဦးတင်စိုး၏သမီး မနန်းဆုန်ဟျိုးလင်း၏ အမည်မှန်မှာ မနန်းဆိုင်ဟျိုးလင်းဖြစ်ပါကြောင်း။ **မနန်းဆိုင်ဟျိုးလင်း**

ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ (ဆေးတက္ကသိုလ်-မန္တလေး)

ဆေးတက္ကသိုလ်-မန္တလေး (၁၉၈၃-၁၉၉၃) ပညာသင်နှစ် ကျောင်းသားကျောင်းသူများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ရက် (တနင်္ဂနွေနေ့)တွင် မန္တလေးမြို့၌ ကျင်းပမည်ဖြစ်ပါသဖြင့် အလှူငွေများကို၊ မိမိတို့၏ နောက်ဆုံးအခြေအနေနှင့်ကိုက်ညီသော ကိုယ်ရေးအချက်အလက်များနှင့် အမှတ်တရစာအုပ်တွင် ထည့်သွင်းဖော်ပြစေလိုသော တစ်ဦးချင်း/အုပ်စုလိုက်/မိသားစုဓာတ်ပုံများကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၅ရက် နောက်ဆုံးထား၍ အောက်ပါ သူငယ်ချင်းများထံ အမြန်ဆုံးဆက်သွယ်ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဒေါက်တာ ခင်ဝင်းစိန်	ဖုန်း-၀၉-၂၀၁၄၉၂၉	ဒေါက်တာမောင်မောင်သွင်	ဖုန်း-၀၉-၂၀၁၀၃၃၄
ဒေါက်တာသွင်ကျော်ကျော်	ဖုန်း-၀၉-၂၀၅၁၀၆၆	ဒေါက်တာဇော်မင်းဟန်	ဖုန်း-၀၉-၂၀၀၄၁၇၆
ဒေါက်တာမြတ်ကျော်	ဖုန်း-၀၉- ၅၂၄၀၂၇၃	ဒေါက်တာမြမြဝင်း	ဖုန်း-၀၉-၂၀၁၃၂၇၉
ဒေါက်တာဇော်မြင့်	ဖုန်း-၀၉-၂၀၀၁၀၄၇	ဒေါက်တာတင်တင်အေး	ဖုန်း-၀၉-၅၁၂၀၅၃၃

ကျေးဇူးဆပ်ပါမည်

ကျွန်မဒေါ်တင်နု၏ နိုင်ငံကူးလက်မှတ်A-၀၆၈၁၇၈ ခရီးသွားရင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါကပေးပို့ပါရန်။
ဖုန်း-၀၉-၈၇၆၁၀၄၀

အမည်ပြောင်း

ဦးမြင့်ဝေ၏သမီး အေးသာယာမြို့ အထက(၈) တက္ကသိုလ်ဝင်တန်း(B)မှ မကြည်ကြည်ဝေအား ယနေ့မှစ၍ မသဒ္ဒါဖြူဟု ပြောင်းလဲခေါ်ပါရန်။
မသဒ္ဒါဖြူ

အမည်ပြောင်း

ဦးခင်မောင်ဝင်း၏သမီး တောင်ကြီးမြို့ အထက(၄) တက္ကသိုလ်ဝင်တန်း(H)မှ မခင်ခင်သဲဦးနွေးအား ယနေ့မှစ၍ မခင်ခင်စိုးဟု ပြောင်းလဲခေါ်ပါရန်။ **မခင်ခင်စိုး**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ အလုံဓာတ်အားပေးစက်ရုံ၊ (66/33)KV, (30)MVA ၊ အမှတ်(၁) ထရန်စဖော်မာအား မြန်မာကျပ်ငွေဖြင့် ပြုပြင်လိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၉-၉-၂၀၁၁ရက်
တင်ဒါပိတ်မည့်ရက် - ၂၃-၉-၂၀၁၁ရက်
တင်ဒါပိတ်မည့်အချိန် - ညနေ ၄နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းအတွက် မော်တော်ဆိုင်ကယ်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၉-၉-၂၀၁၁ရက်
တင်ဒါပိတ်မည့်ရက် - ၃၀-၉-၂၀၁၁ရက်
တင်ဒါပိတ်မည့်အချိန် - ညနေ ၄နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းရှိ ဝန်ထမ်းများအတွက် ပိတ်စ၊ ဦးထုပ်နှင့် တံဆိပ်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၉-၉-၂၀၁၁ရက်
တင်ဒါပိတ်မည့်ရက် - ၂၃-၉-၂၀၁၁ရက်
တင်ဒါပိတ်မည့်အချိန် - ညနေ ၄နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

ကန့်ကွက်ရန်ကြော်ငြာ

ဗဟန်းမြို့နယ်၊ အောင်ချမ်းသာအိမ်ရာ၊ တိုက်(D_2) ၊ အခန်း၁၀၂၏ မူလအမည်ပေါက် ဒေါ်စန်းရှင် J/ RGN- ၀၁၁၀၂၅ထံမှ ဒေါ်ခင်သန္တာက အပြီးအပိုင်ဝယ်ယူပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် တိုက်ခန်း အမည်ပြောင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက အထောက်အထားတင်ပြလျက် ၁၄ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ အက်ဖ်၊ မြေကွက်အမှတ် ပဥ္စမတန်းစား-၄၊ မြေကွက်တည်နေရာအမှတ် ၃၂၁၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးထိန်နှင့် ဒေါ်သိန်းရင်အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် ဦးထိန်ကွယ်လွန်သဖြင့်ဒေါ်သိန်းရင် ၁၂/မဂတ(နိုင်)၀၄၀၂၁၀က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

FAME Echinacold®
For Acute Respiratory Tract Infection
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

Secret Keys Of English Grammar

လားရှိုးမြို့တွင် ထူးထူးခြားခြား အစီစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် သီတင်းကျွတ်အထူးကုန်စည်ပြပွဲကြီး
Lashio Trade Fair
ပြခန်းစုံစမ်းရန် - Jade Crown Ph: 09-7309 8593, 7313 8593, 43331 777

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၅၊ မြေကွက်အမှတ် ၆၆၇၊ မြေကွက်တည်နေရာ အမှတ်(၆၆၇/ခ)၊ ပုဂံ၂၇လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်တင်တင်အောင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်တင်တင်အောင်မှ ဂရန်ပျောက်ဆုံးသဖြင့် ရဲစခန်းထောက်ခံချက်၊ မြို့နယ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၂၀၄၂/၀၉ / ၃-၃-၀၉ ဖြင့် လွှဲအပ်ခံရသူ ဦးကျော်မိုးလှိုင် ၁၄/ဒဒရ(နိုင်)၀၄၆၃၉၁ က ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

KEYSTONE
TEA . COFFEE . NOODLES.
Junction နေပြည်တော်၌ မကြာမီ ဖွင့်မည်!

ရွှေပလ္လင်
6 am to 6 pm
ရွှေပလ္လင်
(NORTH POINT)
7 am to 8 pm
ရွှေပလ္လင်
"နန်းပြားသုပ်"
အရမ်းကောင်းဆိုပဲ!
Ocean (North Point)
OPEN - 7 AM

ပေးအပ်

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၄ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် သဒ္ဓဇ္ဈုပြာမမ္ဘာရုံ၌ နိုင်ငံသားအရည်အချင်းပြည့်မီသူ ၁၀၈ ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ဦးစီးမှူး ဦးခင်မောင်ညွန့်က တစ်ဦးချင်း ပေးအပ်စဉ်။ (၀၄၂)

တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး မိုင်းဖြတ်၌ဟောပြော

မိုင်းဖြတ် စက်တင်ဘာ ၆

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆိုင်ရာ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက ဟိုနားကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါက်တာဘစိုးက တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

အခွန်ပညာပေး ဆွေးနွေး

အခွန်ပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစိုးဝင်း ဆွေးနွေးစဉ်။ (မြန်မာ့အလင်း)

သိပ္ပံနည်းကျ ပျိုးထောင်သရုပ်ပြပွဲ မတ္တရာမြို့၌ ကျင်းပ

မတ္တရာ စက်တင်ဘာ ၆

စပါးတစ်ဧက တင်း ၁၀၀အထက် ထွက်ရှိရေးအတွက် သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်းသရုပ်ပြပွဲကို ဇူလိုင် ၂၉ ရက်က ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် လက်ကောင်းကြီးကျေးရွာကွင်းအမှတ် (၂၂၅)၊ ဦးပိုင်အမှတ် (၃၈) လယ်သမားကြီး ဦးလှမြိုင် လယ်မြေ၌ ကျင်းပသည်။ အဆိုပါသရုပ်ပြပွဲတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာက သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄)ချက်ကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဝန်ထမ်းများက တောင်သူများကို လက်တွေ့သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်းကို သရုပ်ပြခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

မေးခွန်း (၉)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်း၊ အဆို (၂)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၁)ခု မှတ်တမ်းတင်ပေးရန်တင်ပြခြင်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၇

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၂)ဦးတို့ တက်ရောက်ကြသည်။

ယနေ့လွှတ်တော်အစည်းအဝေး၌ မေးခွန်း (၉)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်း၊ ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်း၊ အဆို (၂)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၁)ခုအား မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ မေးခွန်း (၄)ခုကို မေးမြန်းခဲ့ရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြန်လည်ဖြေကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အထောက်အကူဖြစ်စေရန်

ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **တည်ဆဲနိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေ၊ နည်းဥပဒေများနှင့် ပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေများမှ ခေတ်ကာလနှင့်မကိုက်ညီသည့် ဥပဒေနှင့်နည်းဥပဒေများအား ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ တည်ဆဲနိုင်ငံခြားသုံးငွေ လဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေ (၁၉၄၇)သည် ပြည်ထောင်စုအစိုးရ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိသည့် ဥပဒေများတွင် ပါဝင်ပြီး ခေတ်ကာလနှင့် မကိုက်ညီသည့် ပြဋ္ဌာန်းချက်များအား နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်နှင့် လက်ရှိခေတ်ကာလ အခြေအနေနှင့် ကိုက်ညီစေရန်အတွက် ပြင်ဆင်နိုင်ရေး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်တောင်းခံပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ ▲

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

မေးခွန်း (၈)ခုကို ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခုကို အတည်ပြုခြင်းနှင့် ဥပဒေကြမ်း (၁)ခုကို ပြင်ဆင်အတည်ပြုခြင်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၇

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ယနေ့အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၉)ဦးတို့ တက်ရောက်ကြသည်။

အဓိကရေလမ်းကြောင်း

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးညွှန့်လှိုင်က **"ဇလွန်မြို့သည် ဧရာဝတီမြစ် ရေဘေးကာကွယ်ရေး တာတမံဖြစ်သည့် ဆန်တန်းတာပေါ်တွင်တည်ရှိရာ မြစ်ကြောင်းပြောင်းလဲမှု၊ မြစ်ရေတိုက်စားမှုတို့ကြောင့် ကမ်းပြိုမှုများကို နှစ်စဉ်ခံစားခဲ့ရပါကြောင်း၊ ရေဘေးကာကွယ်ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြစ်ကမ်းနှင့်တာတမံ ထိန်းသိမ်းခြင်းနှင့် မြို့အရှေ့ဘက်ရှိ နန်းတော်ကျွန်းရေလွှဲမြောင်းတူးဖော်ခြင်းဟူ၍ လုပ်ငန်း(၂)ပိုင်းရှိပြီး လုပ်ငန်းပမာဏမှာ ကြီးမားလှပါကြောင်းနှင့် အဆိုပါ လုပ်ငန်းများကို ပြည်ထောင်စုအဆင့်မှ ပိုမိုကြပ်မတ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** မေးမြန်းရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းပေါ်ရှိ ဇလွန်မြို့အား ရေဘေးကာကွယ်ရေးတာတမံများဖြင့် ကာကွယ်ထားပါကြောင်း၊ ဇလွန်မြို့ရှေ့တွင် ဖြစ်ပေါ်နေသော ဧရာဝတီမြစ်ပုံစံမှာ ရေလယ်တွင် နန်းတော်ကျွန်းရှိပြီး ရေများချိန်တွင် ရေပေါက်နှစ်ပေါက် ဖြစ်ထွန်းတည်ရှိပါကြောင်း၊ ရေနည်းချိန်တွင် ဇလွန်မြို့ရှေ့ရေလမ်းသည် အဓိကရေလမ်းကြောင်းအဖြစ် တည်ရှိပါကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁ ■